# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် | ၂၀၁၆ ခုနှစ်၊ မတ် ၁၇ ရက်၊ ကြာသပတေးနေ့၊ | အတွဲ [၅၅]၊ အမှတ် [၁၆၉]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုင်ယာလန်အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၁၇

၂၀၁၆ ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုင်ယာလန်နိုင်ငံ သမ္မတ မစ္စတာ မိုက်ကယ် ဒီ ဟစ်ဂင်(စ်) ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ *

# ထူပါရုံစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပရိသတ်များ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ပူဇော်ကြပြီး စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပိုးတန်းရပ်ရှိ ထူပါရုံစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် အဆိုပါစေတီတော်ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုသည်။

စာမျက်နှာ ၆ ကော်လံ ၁ ◆

## ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်ပေါ်လာရေး မားမားမတ်မတ်ရပ်တည် ပါဝင်ပေးကြရန် တိုက်တွန်း

စာမျက်နှာ-၈

### နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ သြဝါဒစကားပြောကြား


ဂုဏ်ရည်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဆက (တနယ်ဖင်း) ၀၅၄/၀၇၁၃

## ဂုဏ်ရည်ဆေးတိုက်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန်-နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ညီညာမှ ပြည်သာမည်

“စည်းလုံးညီညာ အောင်ကြောင်းဖြာ” ဟူသောစကားရှိသည်။ စည်းလုံးညီညွတ်စွာ အတူတကွပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် အခက်အခဲအကျပ်အတည်းများကို အောင်မြင်ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ စည်းလုံးညီညွတ်သော အဖွဲ့အစည်း၊ စည်းလုံးညီညွတ်သော လူမှုအသိုက်အဝန်း၊ စည်းလုံးညီညွတ်သော နိုင်ငံတို့သည် အရာရာအောင်မြင်တိုးတက်နိုင်စွမ်းရှိပါသည်။ စည်းလုံးခြင်းသည်အင်အားဖြစ်သည်။ ထိုအားသည် အရာရာကို ကြံ့ကြံ့ခံကျော်လွှားနိုင်သော အရည်အချင်းတစ်ရပ်ပင်ဖြစ်၏။ ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ နိုင်ငံရေးအရွေ့သည် တည်ငြိမ်စွာဖွံ့ဖြိုးလျက်ရှိသည်။ ၂၀၁၅ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးနောက် နိုင်ငံရေးတည်ငြိမ်မှုအရွေ့သည် ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ ပြီးခဲ့သည့် မတ် ၁၅ ရက်က လွှတ်တော်အတွင်း နောင်လာမည့်အစိုးရတစ်ရပ်အတွက် သမ္မတနှင့် ဒုတိယသမ္မတများကို အောင်မြင်စွာ ရွေးချယ်တင်မြှောက်ပြီးစီးခဲ့ပြီ ဖြစ်ပါသည်။ မကြာမီ အစိုးရအဖွဲ့တစ်ရပ် ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။ လာမည့်အစိုးရသက်တမ်း ကာလအတွင်း စိန်ခေါ်မှုများစွာ ရှိကောင်းရှိနေပေလိမ့်မည်။ ဝေဖန်မှုများနှင့် အမြင်မတူညီမှုများ ရှိကောင်းရှိနေပေလိမ့်မည်။ သို့သော်လည်း တူညီသောအချက်များလည်း ရှိပေလိမ့်မည်။ ယင်းတူညီသော ဆန္ဒသည်ကား အခြားမဟုတ်ပေ။ မိမိဒေသ၊ မိမိရပ်ရွာ၊ မိမိလူမျိုး၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါသည်။ အသီးသီးသော လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် တိုးတက်သောအပြောင်းအလဲတစ်ခုကို ပုံဖော်ပေးရန် ဆန္ဒပြင်းပြနေကြပေလိမ့်မည်။ ကြီးပွားတိုးတက်ရေး စိတ်အားထက်သန်နေကြပေလိမ့်မည်။ ဤသည်ကို ကြီးပွားရေးစိတ်ဓာတ် ဟုပင်ဆိုရပေလိမ့်မည်။

ကြီးပွားတိုးတက်လိုသော ဆန္ဒပြင်းပြမှုမရှိလျှင် ကြီးပွားတိုးတက်ခြင်းကား မဖြစ်နိုင်ပေ။ ကြီးပွားရေးစိတ်ဓာတ်သည် ကြီးပွားတိုးတက်ခြင်း၏ အခြေခံပင်ဖြစ်၏။ ကျွန်ုပ်တို့ နိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ရာတွင် ဖွံ့ဖြိုးမှုနောက်ကျနေဆဲဖြစ်သည်။ မဖြစ်မနေ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဝိုင်းဝန်းကြိုးစားကြရန် အချိန်တန်လေပြီ။ ပြည်သူများက နောင်လာမည့်အစိုးရတစ်ရပ်အပေါ်တွင် မျှော်လင့်ချက်များစွာရှိနေသည်။ ပြည်သူများ၏ လိုလားချက်၊ တောင့်တချက်များ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်မှသာလျှင် တိုးတက်သော လူမှု အသိုက်အဝန်းတစ်ရပ်ဆီသို့ ဦးတည်သွားနိုင်ပေလိမ့်မည်။ မှန်ကန်သော မူဝါဒ၊ မှန်ကန်သောလမ်းကြောင်း၊ မှန်ကန်သော ဆုံးဖြတ်ချက်များကသာ တိုးတက်သော လူ့အသိုက်အဝန်းတစ်ရပ်ပေါ်ပေါက်ရေးအတွက် ပုံဖော်ပေးနိုင်လိမ့်မည်ဖြစ်ပါသည်။ တိုးတက်ပြောင်းလဲမှု၏ အဓိကအရေးအကြီးဆုံးတစ်ချက်မှာ စည်းလုံးညီညွတ်ရေးပင်ဖြစ်ပါသည်။ နေရာတိုင်းတွင် စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမှသာ တိုးတက်အောင်မြင်မှုများ ရရှိမည်ဖြစ်ပါသည်။ ဆန့်ကျင်ဘက်အစွန်းတရားများကို ရှောင်ရှားနိုင်ရမည်။ အလယ်အလတ်လမ်းစဉ်ဖြင့် ချဉ်းကပ်နိုင်ရမည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းက ပူးပေါင်းဆောင်ရွက်လိုစိတ်၊ အကောင်းမြင်ဝါဒတို့ဖြင့် တိုင်းပြည်နှင့်လူမျိုးကြီးပွားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချီ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ကျန်းမာရေးစစ်ဆေးမှု ကွင်းဆင်းဆောင်ရွက်

**ဒေါ့ဖုန်းယန် မတ် ၁၆**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့ ဖာကေကျေးရွာအုပ်စုတွင် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဖာကေကျေးရွာနှင့် ပန်ကောင်းမုကျေးရွာတို့၌ မတ် ၁၄ ရက်မှ ၁၅ ရက်ထိ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်မှုကို ဒေါက်တာမေရီမြင့်နှင့် ဝန်ထမ်းများကစစ်ဆေးပေးခဲ့ရာကျေးရွာနေပြည်သူ ၁၅၈ ဦးတို့ လာရောက် စစ်ဆေးကုသမှုခံယူခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပဓာနလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မြို့တွင်းလမ်းမှလောင်စာဆီကားများကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

**ထင်သာမြင်သာပြုပြင်စရာ**

မြင်းမူမြို့နယ် မြစ်ပေါက် ဆိပ်ကမ်းမှ လောင်စာဆီပါသော ပီပါများကို ကားအမျိုးမျိုးတို့ဖြင့် အဆက်မပြတ် မောင်းနှင် သယ်ဆောင်နေကြပြီး လူနေထူထပ်သော အသောက ရပ်ကွက်ကိုဖြတ်ကျော်၍ မြို့တွင်းလမ်းအတိုင်း သယ်ဆောင်လျက်ရှိရာ ရာသီဥတုမှာလည်း ပူပြင်းခြောက်သွေ့သည့် နွေရာသီဖြစ်သောကြောင့် ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ် စိုးရိမ်နေကြသည်။

“အခုလို နွေရာသီဆိုရင် မီးရေး၊ ထင်းရေးက အလွန်စိုးရိမ်ရတယ်။ အခုလိုသာ ဓာတ်ဆီတွေကို ကားကြီး ကားငယ် အသွယ်သွယ်နဲ့ အချိန်မရွေး စည်းကမ်းမဲ့သယ်နေကြရင် တစ်နေ့မဟုတ် တစ်နေ့ မီးဘေးအန္တရာယ် စိုးရိမ်စရာဖြစ်နေတယ်။ တာဝန်ရှိသူတွေဘက်က တားဆီးပေးနိုင်ရင် ပြည်သူရဲ့သောကကင်းဝေးစေနိုင်ပါမယ်” ဟု အသောကရပ်ကွက်နေ လုပ်သားတစ်ဦးက ပြောသည်။



မြစ်ပေါက်နှင့် မြင်းမူလမ်းအနေအထားမှာ လမ်းကျဉ်းကျဉ်း၊ လမ်းမညီမညာနှင့် လူနေအိမ်ခြေ သိပ်သည်းသော အနေအထားဖြစ်သည်။ ဓာတ်ဆီသယ်ဆောင်ရာလမ်း၏ မနီးမဝေးတွင် အုတ်ဖုတ်လုပ်ငန်းများလည်းရှိသဖြင့် မီးဘေးအတွက် စိုးရိမ်ဖွယ်ဖြစ်သည်။

၁၉၉၇ ခုနှစ်က လောင်စာဆီနှင့်ပတ်သက်၍ ဘုရင့်နောင်ရပ်ကွက်၊ မင်းရဲကျော်စွာ ရပ်ကွက်များရှိ တိုက်အိမ်များ မီးလောင်ဆုံးရှုံးခံရဖူး၍ လောင်စာဆီဆိုပါက မြို့လူထုက ကြောက်ရွံ့နေကြခြင်းဖြစ်သည်။

သို့ဖြစ်၍ မီးဘေးအန္တရာယ် ကိုကြိုတင်ကာကွယ်သည့် အနေဖြင့် အချိန်မီတားဆီးပေးနိုင်ရေး လိုလားလျက်ရှိကြောင်း မြို့သူမြို့သားများထံမှ သိရသည်။ (၀၇၇)

## စုပေါင်းသွေးလှူဒါန်းပွဲ စာရင်းပေးသွင်းနိုင်

**ရန်ကုန် မတ် ၁၆**

မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Japan Socio- Economic Development Association- MMJP SEDA) က ကြီးမှူးပြုလုပ်သောပထမအကြိမ် သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့် (ယခင်သွားဆေးတက္ကသိုလ်) ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ မတ် ၂၆ ရက် စနေနေ့ နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ ပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို သွေးလှူဒါန်းနိုင်ကြောင်း၊ MMJP SEDA က ထုတ်ပြန်ထားပြီးသွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် Myanmar Japan SEDA မှခရီးစရိတ် ငွေကျပ် ၅၀၀၀၊ ကြက်ဥ၁၀ လုံး၊ T'best brand Aloe Vera Drink ၊ MMJP SEDA အမှတ်တရထီးလက်ဆောင်နှင့် 100% Cotton T-Shirt လက်ဆောင်များဖြင့် ထောက်ပံ့ဂုဏ်ပြုမည်ဖြစ်သည်။ သွေးလှူဒါန်းမည့်သူများအနေဖြင့် ရုံးဖွင့်ရက်(ရုံးချိန်အတွင်း)ဖုန်း ၀၁-၂၄၆၆၃၆၃၈၄၃၀၉၊ ရုံးပိတ်ရက် နှင့်ရုံးချိန်ပြင်ပ အထွေထွေအတွင်းရေးမှူး ဦးစန်းမောင်မြင့်ဖုန်း ၀၉-၅၁၃၅၅၁၅၊ ဖုန်း၀၉-၇၈၆၆၇၇၂၉၂ တို့ထံသို့ မတ် ၂၃ရက် နောက်ဆုံးထား၍စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၃-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀ / ၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀/၉၄၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၉.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၆.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၂၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၀၁ |
| တရုတ် | တစ်ယွမ် | ၁၈၇.၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၃၃ |

ခင်ရတနာ-စုစည်းသည်။

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် မတ် ၁၆**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ပထမနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယ သြဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုး ရွေးချယ်တင်မြှောက်ခံရသော နိုင်ငံတော်သြဝါဒါစရိယဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူခြင်း၊ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာဘဒ္ဒန္တပညာနန္ဒက တင်သွင်းလျှောက်ထားခြင်း၊ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာဆရာတော်များက ဖတ်ကြားတင်သွင်းလျှောက်ထားခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံပြုစာများကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များက ပြန်လည်ရှင်းလင်း လျှောက်ထားခြင်းများကို ဆောင်ရွက်ကြပြီး အစည်းအဝေးပထမနေ့ကို နေ့လယ်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလှူရှင် မဟာစည်သာသနနုဂ္ဂဟအဖွဲ့ချုပ်နှင့် ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး)မိသားစု အမှတ်(၂၄၀) ကုန်စျေးတန်းလမ်း ပန်းဘဲတန်းမြို့နယ်တို့က တိုင်းရင်းဆေးဝါးများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်များ ဖြေဆို

**ရန်ကုန် မတ် ၁၆**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဇီဝဗေဒဘာသာနှင့် ဘောဂဗေဒဘာသာတို့ကို မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့တွင် ဇီဝဗေဒဘာသာတွင် စာရင်းရှိ ၁၇၇၀၃၀ ရှိပြီး ၁၆၉၈၀၈ ဦး ဖြေဆိုခဲ့ရာ ပျက်ကွက်သူ ၇၂၂၂ ဦး ဖြစ်၍ ဖြေဆိုသူ ၉၅ ဒသမ ၉၂ ရာခိုင်နှုန်းဖြစ်သည်။ ဘောဂဗေဒဘာသာရပ်တွင် စာဖြေသူစာရင်းရှိ ၄၉၃၉၇၇ ဦးရှိပြီး ၄၆၂၉၄၉ ဦး ဝင်ရောက်ဖြေဆိုခဲ့၍ ပျက်ကွက်သူ ၃၁၀၂၈ ဦးရှိရာ ဖြေဆိုသူဦးရေ ၉၃ ဒသမ ၇၂ ရာခိုင်နှုန်း ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာန၌ ဇီဝဗေဒဘာသာနှင့် ဘောဂဗေဒဘာသာဖြေဆိုရာတွင် လူနာစာဖြေဆိုသူ တစ်ဦးတိုးလာ၍ စုစုပေါင်း ၁၆ ဦးအနက် ၁၄ ဦးမှာ ကိုယ်တိုင်ဖြေဆိုကြပြီး နှစ်ဦးမှာ ကိုယ်စားဖြေဆိုကြသည်။ မြောက်ဥက္ကလာပဆေးရုံကြီး စာစစ်ဌာန၌ လူနာစာဖြေသူ တစ်ဦးတိုးလာရာ စုစုပေါင်း ၁၀ ဦးရှိပြီး လူနာစာဖြေသူ တစ်ဦးမှာ ကိုယ်စားဖြေဆိုလျက်ရှိသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)စာစစ်ဌာန၌ လူနာစာဖြေသူ တစ်ဦးရှိပြီး မြောက်ဥက္ကလာပ (ဝေဘာဂီ) ကူးစက်ရောဂါကု ဆေးရုံ စာစစ်ဌာနတို့၌ ဖြေဆိုသူ မရှိကြောင်း သိရသည်။

အင်းစိန် ဗဟိုအကျဉ်းထောင် စာစစ်ဌာနတွင် စာဖြေသူများမှာ အတွဲ(၁)ယူသည့် ဖြေဆိုသူများဖြစ်၍ ဘောဂဗေဒဘာသာရပ်ကို အကျဉ်းသား/အချုပ်သား ၁၉ ဦးစလုံး ယခင်နေ့များကအတိုင်း ဖြေဆိုကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ ဇီဝဗေဒဘာသာကို အတွဲ(၇) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာယူသည့် ကျောင်းသား ကျောင်းသူများသာ ဖြေဆိုကြပြီး ဘောဂဗေဒဘာသာကို အတွဲ(၁) ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ အတွဲ(၂) ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒနှင့် အတွဲ(၄)သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ ယူကြသည့် ကျောင်းသား ကျောင်းသူများ ဖြေဆိုကြကြောင်း သိရသည်။

ယနေ့စာမေးပွဲသည် အတွဲ(၁) ဓာတုဗေဒ၊ ရူပဗေဒ ၊ ဘောဂဗေဒနှင့် အတွဲ(၇) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာယူကြသည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲနောက်ဆုံးရက်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။ မတ် ၁၇ ရက်တွင် ပထဝီဝင်ဘာသာတွဲယူသည့် ကျောင်းသား ကျောင်းသူများနှင့် မတ် ၁၈ ရက်တွင် သမိုင်းဘာသာတွဲယူသည့် ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေဆိုကြမည်ဖြစ်သည်။

**သတင်း**
**ရီရီမြင့်၊ ဥမ္မာသန့်**

*** ရှေ့ဖုံးမှ**

အလားတူ မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုင်ယာလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒါ ကန်နီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိုင်ယာလန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁၇**

၂၀၁၆ ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာ ချားလ်စ် ဖလန်နဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၆**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

အမြင့်ဆုံးအပူချိန်အနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့တို့၌ ၃၈ ဒီဂရီစင်တီဂရိတ် (၁၀၀ ဒီဂရီဖာရင်ဟိုက်)၊ ရန်ကုန်မြို့၌ ၃၇ ဒီဂရီစင်တီဂရိတ် (၉၉ ဒီဂရီဖာရင်ဟိုက်) ဖြစ်နိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

**(မြန်မာ့အလင်း)**



တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲ နောက်ဆုံးနေ့အဖြစ် ဇီဝဗေဒဘာသာရပ်ဖြေဆိုပြီး ပြန်လည်ထွက်လာသော အထက(၁) ကြည့်မြင်တိုင်စာဖြေဌာနမှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-ရွှေတိုင်သား)

# လျှပ်စစ်စွမ်းအင်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၆**

ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် The World Bank မှ Dr. Dejan Ostojic ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၌ လျှပ်စစ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့် ကျေးလက်ဒေသများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးအပ်မည့် လုပ်ငန်းများအပေါ် လွှတ်တော်အပိုင်းလည်း ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆီးရီးယားအတိုက်အခံကိုယ်စားလှယ်များ ဆီးရီးယားအရေးနှင့်သက်ဆိုင်သော အဆိုပြုလွှာများကို ကုလသမဂ္ဂသို့တင်သွင်း

**ဒမတ်စကတ် မတ် ၁၆**

ဆီးရီးယားအတိုက်အခံညှိနှိုင်းသူများဘက်က အုပ်ချုပ်မှုယန္တရားပုံစံအသစ်နှင့် သက်ဆိုင်သော အယူအဆများကို အသားပေးဖော်ပြထားသည့် စာရွက်စာတမ်းအဆိုပြုလွှာကို ဆီရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်ထံသို့တင်သွင်းခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အတိုက်အခံအုပ်စုဘက်မှ ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးပြန်လည်စတင်သော ဒုတိယမြောက်ဖြစ်သည့် အင်္ဂါနေ့၌ ဂျီနီဗာတွင် စတက်ဖန်ဒီမစ်တူရာနှင့် တွေ့ဆုံခဲ့သည်။

အဆင့်မြင့်ညှိနှိုင်းရေးကော်မတီအဖွဲ့ အဓိကအတိုက်အခံအုပ်စုမှ ဂျော့ဆာဘရာက စည်းဝေးပွဲတွင် ဖေဖော်ဝါရီ ၂ ရက်ကတည်းက စတင်အကျိုးသက်ရောက်သော ဆီးရီးယားငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော အကြောင်းအရာများနှင့် အစိုးရထိန်းချုပ်နယ်မြေများတွင် လူသားချင်းစာနာလည်မှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

ထို့အတူ ဆီးရီးယားအစိုးရဘက်မှလည်း ဆီးရီးယားအရေးနိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်မည့် အကြောင်းအရာများကို ဦးစားပေးဖော်ပြသည့် အဆိုပြုလွှာများ ကုလသမဂ္ဂသို့တင်သွင်းခဲ့ကြောင်း သိရသည်။

ဒီမစ်ဆူရာက တင်သွင်းထားသော အဆိုပြုလွှာများကို ခြုံငုံသုံးသပ်ပြီး အများသဘောတူလက်ခံနိုင်သည့်အချက်များကို စိစစ်ရှာဖွေသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထို့အပြင် ၎င်းသည် ဗုဒ္ဓဟူးနေ့တွင် ဆီးရီးယားအစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံရန်စီစဉ်ထားကြောင်း သိရသည်။

သို့သော်လည်း အစိုးရနှင့် အတိုက်အခံအုပ်စုတို့သည် သမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ အနာဂတ်နှင့်ပတ်သက်ပြီး သဘောထားများကွဲပြားလျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# မြောက်ကိုရီးယားတရားရုံးက အမေရိကန်ကျောင်းသားတစ်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ နှစ် ပြစ်ဒဏ်ချမှတ်

**ဆိုးလ် မတ် ၁၆**

မြောက်ကိုရီးယားတရားရုံးချုပ်က နိုင်ငံအတွင်းလာရောက်လည်ပတ်စဉ် ဖမ်းဆီးထားသော အမေရိကန်ကျောင်းသား အော့တိုဝမ်ဘီယာကို နိုင်ငံဆန့်ကျင်သည့် ရာဇဝတ်မှုများအတွက် အလုပ်ကြမ်းနှင့်ထောင်ဒဏ်၁၅နှစ် ချမှတ်လိုက်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောသည်။

ဝမ်ဘီယာသည် ဇန်နဝါရီလက မြောက်ကိုရီးယားသို့သွားရောက်စဉ် ပြုံယမ်းရှိ ၎င်းတည်းခိုရာဟိုတယ်မှ ဝါဒဖြန့်ချိရေး ဆောင်ပုဒ်ပါပစ္စည်းတစ်ခုကို ခိုးယူရန် ကြိုးစားခဲ့သည့်အတွက် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားမီဒီယာက ပြောခဲ့သည်။

အိုဟိုင်းယိုးပြည်နယ် ဝိုင်ယိုမင်း၌နေထိုင်သော ဝမ်ဘီယာက ဖမ်းဆီးခံရစဉ် ၎င်း၏ ပြစ်ဒဏ်မှာ ကြီးလေးလွန်းပြီး ကြိုတင်ကြံစည်ထားခြင်းဖြစ်ကြောင်း လွန်ခဲ့သောလက ပြောခဲ့သည်။

၎င်းသည် မြောက်ကိုရီးယားသို့ နှစ်သစ်ကူးခရီးသွားအဖွဲ့နှင့် သွားရောက်ခဲ့ရာ နောက်ဆုံးနေ့တွင် လေဆိပ်လူဝင်မှုကြီးကြပ်ရေးဌာန၌ တားဆီးခံရကာ သက်ဆိုင်ရာအရာရှိများက လာရောက်ခေါ်ဆောင်သွားခဲ့ကြောင်း အဆိုပါခရီးစီစဉ်သူ ခရီးသွားအဖွဲ့က ပြောခဲ့သည်။ **(ရိုက်တာ)**



သတင်းစာရှင်းလင်းပွဲ၌ ပြောကြားနေသည့် အမေရိကန်ကျောင်းသားကို ဖေဖော်ဝါရီ ၂၉ ရက်က မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းတွင် ဖော်ပြစဉ်။

# ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ဘတ်စ်ကားတစ်စီးဗုံးဖောက်ခွဲခံရ အစိုးရဝန်ထမ်း ၁၅ ဦးသေဆုံး

**ပက်ရှ်ဝါ မတ် ၁၆**

ပါကစ္စတန် အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့၌ ဗုဒ္ဓဟူးနေ့က အစိုးရဝန်ထမ်းများလိုက်ပါလာသော ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးဖောက်ခွဲခံရမှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၅ ဦး သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုသည် ပက်ရှ်ဝါဒေသတစ်ဝိုက်မှ ဝန်ထမ်းများကို လုပ်ငန်းဌာနသို့ ပို့ဆောင်ရန် တင်ဆောင်ခဲ့ပြီးနောက် အဓိကလမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘတ်စ်ကားအတွင်း၌ဖြစ်ပွားသော အဆိုပါဖောက်ခွဲမှုနှင့်ပတ်သက်ပြီး မှတ်ချက်ပေးရန် စောသေးကြောင်း၊ ဘတ်စ်ကားပေါ်၌ လိုက်ပါလာသူ ၄၀ မှ ၅၀ အထိရှိကြောင်း ထိပ်တန်းရဲအရာရှိဖြစ်သူ မိုဟာမက်ကာရှစ်က ပြောသည်။ **(ရိုက်တာ)**




မတ် ၁၆ ရက်က ကားဗုံးဖောက်ခွဲမှုဖြစ်ပွားရာနေရာ၌ ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများကို တွေ့ရစဉ်။




# ရွေးကောက်ပွဲ၌ မည်သူပင်အနိုင်ရသည်ဖြစ်စေ တရုတ်-အမေရိကန်ဆက်ဆံရေး ဆက်လက်ကောင်းမွန်နေမည်ဟု လီခချန်းပြော

**ပေကျင်း မတ် ၁၆**

နိုဝင်ဘာရွေးကောက်ပွဲ၌ အမေရိကန်သမ္မတ မည်သူပင်ဖြစ်လာစေကာမူ တရုတ်-အမေရိကန် ဆက်ဆံရေးကို ဆက်လက်ကောင်းမွန်နေမည်ဖြစ်ကြောင်း အမေရိကန်သမ္မတလောင်းယှဉ်ပြိုင်သူများက တရုတ်အစိုးရကို ဝေဖန်ပြောဆိုပြီးနောက် ဝန်ကြီးချုပ် လီခချန်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ရီပတ်ဘလစ်ကန် သမ္မတလောင်းယှဉ်ပြိုင်သူ ဒေါ်နယ်ထရန့်က တရုတ်နိုင်ငံအပေါ် ဝေဖန်ပြောဆိုမှုများရှိနေသော်လည်း ယင်းကိစ္စများမှာ အမေရိကန်ပြည်သူများ၏ ပြည်တွင်းရေးကိစ္စသာဖြစ်ကြောင်း တရုတ်အစိုးရက အမေရိကန်ရွေးကောက်ပွဲအပေါ် ဝေဖန်မှုကို လက်ရှောင်ပြောဆိုခဲ့သည်။

ထရန့်က တရုတ်နိုင်ငံကို လုပ်အားခိုးယူသော နိုင်ငံအဖြစ် မကြာခဏ စွပ်စွဲပြောဆိုလျက်ရှိပြီး ၎င်းကိုယ်တိုင် တရုတ်ကို နိုင်ငံရေးအရ အနိုင်ယူလိုသည့် ခေါင်းမာသော ခေါင်းဆောင်အဖြစ် ဖော်ပြခဲ့သည်။ ဒီမိုကရက် တစ်ဦးဖြစ်သူ ဟီလာရီကလင်တန်ကလည်း ယခုလအစောပိုင်းက တရုတ်၏စီးပွားရေးကျဆင်းမှုအပေါ် ဝေဖန်ပြောဆိုလျက်ရှိသည်။ တရုတ်နိုင်ငံ လွှတ်တော်နှစ်ပတ်လည် အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် လီခချန်းက အမေရိကန်ရွေးကောက်ပွဲသည် သက်ဝင်လှုပ်ရှားနေပြီး လူအများကစိတ်ဝင်တစား လေ့လာစောင့်ကြည့်နေသည်ဟု ပြောခဲ့သည်။ သမ္မတတာဝန်ကို မည်သူပင်ထမ်းဆောင်သည်ဖြစ်စေ လက်ရှိ တရုတ်-အမေရိကန်ဆက်ဆံရေးကို ပြောင်းလဲသွားမည် မဟုတ်ကြောင်း လီကပြောခဲ့သည်။ **(ရိုက်တာ)**

# တရုတ်က ဆူနာမီသတိပေးစင်တာ ဖွင့်လှစ်မည်

**ပေကျင်း မတ် ၁၆**

တရုတ်က တောင်တရုတ်ပင်လယ်တွင် ဆူနာမီသတိပေးစင်တာ တည်ထောင်နေပြီဖြစ်ကြောင်း နိုင်ငံပိုင်ရေကြောင်းထိန်းသိမ်းရေးအဖွဲ့အစည်းမှ အကြီးအကဲက ပြောခဲ့သည်။

ဆူနာမီသတိပေးစင်တာမှာ ဆောက်လုပ်ဆဲဖြစ်ပြီး တောင်တရုတ်ပင်လယ်ရှိ နိုင်ငံများအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စတင်ခဲ့ကြောင်း ပြည်နယ်ရေကြောင်းဆိုင်ရာ စီမံခန့်ခွဲရေးဌာန အကြီးအကဲဖြစ်သူ ဝမ်ဟောင်က ပြောခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံ၏အရေးကြီးသော ရည်မှန်းချက်များထဲမှ တစ်ခုဖြစ်သည်။

ထို့အပြင် တောင်တရုတ်ပင်လယ်အတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ငြိမ်းချမ်း၍ ဟန်ချက်ညီသော ပင်လယ်ပြင် ဖန်တီးရန်မျှော်လင့်ကြောင်း ဝမ်ကပြောခဲ့သည်။ သို့သော်လည်း စင်တာတည်ရှိရာနေရာအတိအကျကိုမူ ဖော်ပြခြင်းမရှိပေ။

အငြင်းပွားဖွယ်ဖြစ်နေသော သန္တာကျောက်တန်းများနှင့် ကျွန်းများတွင်ဖော်ဆောင်နေသော လုပ်ဆောင်မှုများသည် ပြည်တွင်းသုတေသနလုပ်ငန်းများ၊ ရှာဖွေရေး၊ ကယ်ဆယ်ရေး၊ ပင်လယ်ရေကြောင်း လုံခြုံရေးနှင့် အခြားသော နိုင်ငံများကိုလည်းအကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

# အီကွေဒေါတွင် စစ်ရဟတ်ယာဉ်ပျက်ကျ၍ ၂၂ ဦးသေဆုံး

**ကွီတို မတ် ၁၆**

အီကွေဒေါနိုင်ငံ ပက်စ်တာဇာတွင် အင်္ဂါနေ့က စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားခဲ့ရာ စစ်သည် ၂၂ ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များအရ သိရသည်။

အီကွေဒေါသမ္မတ ရာဖယ်ကော်ရီယာက လေယာဉ်ပျက်ကျမှုကို ၎င်း၏ တွစ်တာစာမျက်နှာတွင်ဖော်ပြခဲ့ပြီး အသက်ရှင်ကျန်ရစ်သူမရှိကြောင်း ပြောကြားခဲ့သည်။

စစ်ရဟတ်ယာဉ်သည် စစ်သည် ၂၂ ဦး နှင့်အတူ ပက်စ်တာဇာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့သေဆုံးခဲ့ခြင်းသည် ၎င်းတို့၏မိသားစုဝင်များနှင့် လေတပ်မတော်အတွက် အမှန်တကယ် စိတ်မကောင်းစရာဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်မှုတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်က ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်မှုအတွက် တပ်မတော်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရှေ့ဆက်လုပ်ရမည့် ကိစ္စအရပ်ရပ်တွင် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်ဟု ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေး ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်

**နေပြည်တော် မတ် ၁၆**

မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးစီမံကိန်းကို အမေရိကန်ပြည်ထောင်စု၏ ထောက်ပံ့မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခြင်းနှင့် မိတ်ဆက်အခမ်းအနားကို နေပြည်တော်ရှိ Amara ဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက မြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime- UNTOC)နှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များဖြစ်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေးဆိုင်ရာ စာချုပ်တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၄ ခုနှစ်က ဝင်ရောက်ခဲ့ပါကြောင်း၊ ဒေသတွင်း၌လည်း မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံ၏ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ (COMMIT MoU) ကိုလည်း ၂၀၀၄ ခုနှစ်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ASEAN Convention Against Trafficking in Persons , Especially Women and Child တွင်လည်း အခြားသော ASEAN နိုင်ငံများနည်းတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာလက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ ထို့နည်းတူစွာ နှစ်နိုင်ငံအဆင့်တွင်လည်း အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး Plan of Action များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပထမ ငါးနှစ်စီမံကိန်းအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဒုတိယ ငါးနှစ်စီမံကိန်းအဖြစ်လည်းကောင်း ကဏ္ဍကြီးငါးရပ်ဖြင့် နှစ်အလိုက် စီမံကိန်းများ ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

"လူကုန်ကူးခံရသူများအတွက် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်း၏ ဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရေး"ဆိုသည့် စီမံကိန်း အောင်မြင်နိုင်ရန်အတွက် အဖွဲ့အစည်းပေါင်းစုံ၊ ဌာနပေါင်းစုံက ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် World Vision (Myanmar) ၏ National Director Mr. Suresh Barlett က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍ World Vision (Myanmar) ၏ Grant Manager ဒေါ်ဂျဲနီက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၁၀ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သုံးမြို့နယ်၊ ရှမ်းပြည်နယ်ကျိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီးကော့သောင်းမြို့နယ်တို့၌ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဦးတည်ချက် နှစ်ရပ်ဖြစ်သည့် လူကုန်ကူးခံရသူ ဗဟိုပြုစစ်ဆေးစုံစမ်းမှုနှင့် တရားစွဲဆိုခြင်း ပိုမိုတိုးတက်လာစေရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ လူကုန်ကူးခံရသူများကို ကူညီထောက်ပံ့သော Social Workers များကို သင်တန်းပေးခြင်း၊ သင်တန်းအရည်အသွေး ပိုမိုကောင်းမွန်လာရန်၊ နောက်ဆက်တွဲ သင်ခန်းစာများ ဆက်လက်ထုတ်လုပ်သွားရန် မွမ်းမံသင်တန်းများပေးရန်၊ လူကုန်ကူးခံရသူများကို ထောက်ပံ့ပေးရေးအစီအစဉ်များကို ပညာရှင်များနှင့် ပြုလုပ်သွားရန်၊ တရားစွဲဆိုခြင်းစာစောင်ထုတ်ဝေခြင်း၊ Social Workers များအား ထောက်ပံ့ခြင်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ရှင်းလင်းပြောကြားသည်။




ထို့ပြင် မြန်မာနိုင်ငံရှိ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်မှုနှင့် လူတန်းစေ့ဝင်ဆံ့ရေး ပြန်လည်ထူထောင်ရေးအတွက် ရည်မှန်းချက်ထားပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်အထိ သုံးနှစ်စီမံကိန်းအတွက် အမေရိကန်ပြည်ထောင်စုမှ အမေရိကန်ဒေါ်လာ ခုနစ်သိန်း ထောက်ပံ့ငွေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနများနှင့် ဆက်စပ်ဌာနများဖြစ်သော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဩစတြေးလျနိုင်ငံ AATIP၊ အမေရိကန်သံရုံး လူမှုဝန်ထမ်း ပြန်လည်နေရာချထားရေးဌာနဝန်ထမ်းများ INGO ၊ NGO နှင့် CSO ၊ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းအဖွဲ့ (AHTWG)များဖြစ်သည့် UN အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်း ရန်ကုန်ကရင်နှစ်ခြင်းအမျိုးသမီးများအသင်း (YKBWA)တို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းနှင့် World Vision (Myanmar)၏ National Director Mr. Suresh Barlett တို့က မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး သဘောတူညီမှုကို မှတ်တမ်းတင် လက်မှတ်ရေးထိုးကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

World Vision (Myanmar) သည် ကလေးသူငယ်နှင့် မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတွင် ၂၅ နှစ်အကြာ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းလည်းဖြစ်သည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲအလွန် ပြန်လှန်သုံးသပ်ခြင်းမှာ နောင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် အကြိုကာလပြင်ဆင်မှုဖြစ်

**နေပြည်တော် မတ် ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့ (United State Institute of Peace - USIP)တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွေးကောက်ပွဲအလွန် ပြန်လှန်သုံးသပ်ချက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် နောင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် အကြိုကာလပြင်ဆင်မှုဖြစ်ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြုံတွေ့ခဲ့သည့် စိန်ခေါ်မှုများ၊ မဲပေးခြင်းလုပ်ငန်းစဉ်နှင့် ဆက်စပ်သည့်ကိစ္စရပ်များ၊ လုံခြုံရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မဲမပေးမီကာလ၊ မဲပေးစဉ်ကာလ၊ မဲပေးပြီးကာလဟူ၍ ကြိုတင်ပြင်ဆင်လေ့လာဆည်းပူးမှုနှင့် လေ့ကျင့်မှုများစွာကို အချိန်ယူဆောင်ရွက်ခဲ့ရပါကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုများစွာ ရရှိခဲ့ပါကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် မည်သို့ အကောင်းဆုံးဆောင်ရွက်ရမည်များကို ပွင့်လင်းစွာ ပူးပေါင်းဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးဌာန မြန်မာနိုင်ငံ ဒါရိုက်တာ မစ္စ ဗန်နက်ဆူဂျိုဟန်ဆင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု၊ နိုင်ငံရေးပါတီများ အပါအဝင် အဓိကပါဝင်ပတ်သက်သူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ ပြည်သူလူထုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် မီဒီယာဆက်ဆံရေး၊ ဘေးအန္တရာယ် အလားအလာ လေ့လာချက်နှင့် အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေး၊ ပဋိပက္ခဒဏ်ခံဒေသများ၌ ကျင့်သုံးသည့် မဟာဗျူဟာများကို လေ့လာခြင်း၊ ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်း ရဲတပ်ဖွဲ့အပေါ် ပြည်သူတို့၏ အမြင်ပြောင်းလဲလာမှုများကို ဆွေးနွေးခြင်း၊ ရဲတပ်ဖွဲ့အပေါ် ပြည်သူလူထုယုံကြည်မှုတိုးမြှင့်ရေး အရှိန်အဟုန်မြှင့်တည်ဆောက်မည့် နည်းများကို ပြန်လှန်လေ့လာသုံးသပ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိစ္စ ဆောင်ရွက်မှုအတွေ့အကြုံမှ ရရှိသည့်ရလဒ်များကို ဆွေးနွေးခြင်း၊ ရွေးကောက်ပွဲအလွန် အဓိကစိန်ခေါ်မှုများနှင့် ဦးစားပေးအကြောင်းအရာများကိုဖော်ထုတ်ရန် လေ့ကျင့်ခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေးဆွေးနွေးမှုနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မဟာဗျူဟာမြောက် အစီအမံများ၏ ဆက်နွယ်မှုများကို ပြန်လှန်စဉ်းစားသုံးသပ်ခြင်းနှင့် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် ရွေးကောက်ပွဲ လုံခြုံရေး အတွေ့အကြုံများမှရရှိသည့် သင်ခန်းစာများကို အသုံးပြုနိုင်ရန် ဖော်ထုတ်ခြင်း စသည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးဌာနမှ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# International Operator License များ စတင်ထုတ်ပေး

**နေပြည်တော် မတ် ၁၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်သော လုပ်ငန်းရှင်များအား International Operator License ထုတ်ပေးနိုင်ရေး ဆွေးနွေးပွဲကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

International Operator License ရယူနိုင်ရေးနှင့်စပ်လျဉ်း၍ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ရာ လုပ်ငန်းရှင် ၂၂၃ ဦးက တင်ပြခဲ့ပြီး ၎င်းတို့အနက်မှ ၅၅ ဦးသည် လျှောက်လွှာပုံစံများဖြင့် တင်ပြလျှောက်ထားလာပြီး သတ်မှတ်အရည်အချင်းများနှင့် စိစစ်ခဲ့ရာ လုပ်ငန်းရှင် ၃၄ ဦးမှာ ကိုက်ညီမှုရှိခဲ့ကြောင်း သိရသည်။

၎င်းလုပ်ငန်းရှင် ၃၄ ဦးကို လုပ်ငန်းဆောင်ရွက်မည့် ယာဉ်များကို နိုင်ငံတကာအဆင့် သတ်မှတ်အရည်အသွေး ရှိ/မရှိ စစ်ဆေးခဲ့ရာ လုပ်ငန်းရှင်ကိုးဦးက ယာဉ်စစ်ဆေးပြီးကြောင်း တင်ပြပြီးဖြစ်သဖြင့် ယနေ့ဆွေးနွေးပွဲအပြီးတွင် International Operator License ကို စတင်ထုတ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သော လုပ်ငန်းရှင်များအနေဖြင့် International Operator License ကို စိတ်ပါဝင်စားမှုရှိပါက ရုံးချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများက တံတားဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတအမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအမှူးပြုသောပရိသတ်များက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက သီတဂူဆရာတော်ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ပရိသတ်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအမှူးပြုသောပရိသတ်များက သီတဂူဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက်



ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဝန်ကြီးချုပ်များ၊ တိုင်းမှူးတို့နှင့်အတူ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ စစ်ကိုင်းမြို့ရှိ ထူပါရုံစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ စစ်ကိုင်းမြို့ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင်၊ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိသီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အရှင်ဉာဏိဿရအမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ အရှင်ဉာဏိဿရထံမှ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့်ပရိသတ်များက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ပူဇော်ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် သီတဂူဆရာတော်တို့က ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာရထားပျံဖြင့် စေတီတော်မြတ်ကြီးသို့ တင်လှူပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီးများက စေတီတော်အထွတ်၌ တင်လှူကြသည်။

ယင်းနောက် သီတဂူဆရာတော်က နိုင်ငံတော်သမ္မတအား စေတီတော်ပုံတူပန်းချီကားကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ပရိသတ်များက မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များ ထူပါရုံစေတီတော်မြတ်ကြီးသို့ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ယနေ့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်သည့် ထူပါရုံစေတီတော်ကြီးကို အင်းဝဘုရင် နရပတိမင်းက မြန်မာသက္ကရာဇ် ၈၀၆ ခုနှစ်တွင် သီဟိုဠ်ကျွန်းရှိ ထူပါရာမစေတီတော်နှင့် ပုံတော်တူဖြင့် အမြင့်သံတောင် ၁၃၅ တောင် ဉာဏ်တော်အမြင့်ဆောင်၍ သီဟိုမင်းမှပေးဆက်လာသည့် ဓာတ်တော်များဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

စေတီတော်ကြီးမှာ မြန်မာသက္ကရာဇ် ၈၇၄ ခု၊ ၈၆၃ ခုနှင့် ၉၅၂ ခု နှစ်တို့တွင် ငလျင်လှုပ်ခတ်မှုတို့ကြောင့် ပျက်စီးခဲ့သဖြင့် ၉၆၇ ခုနှစ်တွင် အနောက်ဘက်လွန်မင်းကြီးက ပြင်ဆင်မွမ်းမံခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ထပ်မံလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့ရာ ပုဂံမင်းက ၁၂၁၂ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့သည်။ ယင်းနောက် သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် ပျက်စီးခဲ့သဖြင့် ၁၃၂၉ ခုနှစ်တွင် စစ်ကိုင်းမြို့ ဒီပါမြေဆရာတော် ဘဒ္ဒန္တနန္ဒာသီရိက တတိယပစ္စယံ၏အပေါ်ပိုင်းကို ပြုပြင်တည်ဆောက်ကာ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ခဲ့သည်။

ထို့နောက် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင်လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် စေတီတော်၏လုံးပတ်တော်၌ အက်ကွဲကြောင်း ၁၅ နေရာ ဖြစ်ပေါ်ခဲ့သဖြင့် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ အရှင်ဉာဏိဿရက ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တပေါင်းလပြည့်နေ့မှစတင်ပြီး ကိုယ်လုံးတော်ပြည့် သံကွန်ချာအုပ်ပြီး ကျောက်၊ သဲ၊ ဘိလပ်မြေတို့ဖြင့် အခိုင်အမာတည်ဆောက်ခဲ့ရာ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၁၆ ခုနှစ်တွင် ပြုပြင်တည်ဆောက်ပြီးစီး၍ ယနေ့နံနက်ပိုင်းတွင် စေတီတော်အထွတ်၌ ရတနာစိန်ဖူးတော်တင်လှူပူဇော်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

## ပရိယတ္တိစာဖြေပွဲတော် ဆုနှင်းသဘင်ကျင်းပ

**မော်လမြိုင်ကျွန်း မတ် ၁၆**

မော်လမြိုင်ကျွန်း မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သံဃာ့ဩဝါဒခံ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း၏ (၆၁)ကြိမ်မြောက် ပရိယတ္တိစာဖြေပွဲတော်တွင် အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များ၏ ဆုနှင်းသဘင်အခမ်းအနားကို မတ် ၁၅ ရက်က မော်လမြိုင်ကျွန်းမြို့ ကမ်းနားကျောင်းရာပြည့်ဓမ္မဗိမာန်၌ ကျင်းပခဲ့ပြီး ပရိယတ္တိစာဖြေပွဲတော်တွင် အောင်မြင်တော်မူကြသော ဓမ္မာစရိယတန်း နှစ်ပါး၊ ပထမကြီးတန်းသုံးပါး၊ ပထမလတ်တန်း နှစ်ပါး၊ ပထမငယ်တန်း ၁၈ ပါး၊ မူလအကြီးတန်း ၁၄ ပါး၊ မူလအလတ်တန်း ခုနစ်ပါးနှင့် မူလအငယ်တန်း ၅၂ ပါး စုစုပေါင်း စာအောင်သံဃာတော် ၉၈ ပါးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ ပရိယတ္တိ သာသနာနုဂ္ဂဟအသင်းအမှုအောင်များက စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## ဆိုနီကမ္ဘာ့ဓာတ်ပုံပြိုင်ပွဲ မြန်မာဆုသုံးဆုရရှိ

**မန္တလေး မတ် ၁၆**

2016 Sony World Photography Awards ကမ္ဘာ့ဓာတ်ပုံပြိုင်ပွဲတွင် နိုင်ငံတကာမှ ဓာတ်ပုံပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ National Award ဆုကို နိုင်ငံပေါင်း ၆၀ ချီးမြှင့်ပေးအပ်ရာ မြန်မာနိုင်ငံမှ ကျော်ဗိုလ်ဗိုလ်ဟန်က ပထမဆု၊ ဟယ်လင်က ဒုတိယဆုနှင့် စိုင်းအောင်မိန်းက တတိယဆုတို့ရရှိကြသည်။ ဆုချီးမြှင့်ပွဲနှင့်ဓာတ်ပုံပြိုင်ပွဲကို လန်ဒန်မြို့ Somerset House ၌ ဧပြီ ၂၂ ရက်မှ မေ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



ပထမဆုရ ကျော်ဗိုလ်ဗိုလ်ဟန်၏ ဓာတ်ပုံ။

## မန္တလေးစက်မှုဇုန်အတွင်း ဇဟိုရေဆိုးသန့်စင်စက်ရုံ စတင်အကောင်အထည်ဖော်

**မန္တလေး မတ် ၁၆**

မန္တလေးစက်မှုဇုန် ဗဟိုရေဆိုးသန့်စင်စက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၁၆ ရက်တွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်(၆) ဦးထွန်းကြည်က မန္တလေးစက်မှုဇုန်မှ ထွက်ရှိသည့်ရေဆိုးများ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ မန္တလေးစက်မှုဇုန် ဗဟိုရေဆိုးသန့်စင်စက်ရုံကို တည်ဆောက်ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဗဟိုရေဆိုးသန့်စင်စက်ရုံကို အမရပူရမြို့နယ်ရှိ တောင်အင်း၊ မြောက်အင်းဒေသ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ရုံတည်ဆောက်ရေးအပိုင်းတွင် အဆောက်အအုံတည်ဆောက်ခြင်းအပိုင်းနှင့် စက်ပစ္စည်းများ တပ်ဆင်ခြင်းအပိုင်း နှစ်ပိုင်းဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။ မန္တလေးစက်မှုဇုန် ဗဟိုရေဆိုးသန့်စင်စက်ရုံသည် စက်မှုဇုန်မှ ထွက်ရှိသည့်ရေဆိုးများကို စက်ရုံ၌ စုပေါင်းလက်ခံပြီး သတ်မှတ်သည့် ရေဆိုး ပြင်းအားနှင့် ကန့်သတ်ချက် ကျော်လွန်သည်များကို သန့်စင်၍ ဒုဋ္ဌဝတီမြစ်ကြမ်းပြင်အတွင်း စွန့်ပစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရောကမ်းနဖူး ထူပါရုံစေတီဦးမှ သာဓုခေါ်သံများ သာသနာတော်အတွက် အထောက်အပံ့ဖြစ်စေမည်

ပတ္တမြားတို့ဖြင့် စီခြယ်ထားသည့် ထူပါရုံစေတီတော်၏ စိန်ဖူးတော်မြတ်သည် နံနက်ခင်းနေရောင်အောက်၌ တစ်လက်လက် တောက်ပနေသည်။ စိန်ဖူးတော်အပါအဝင် ဓာတ်တော်များ၊ ပိဋကတ်တော်ကျမ်းဦးစာများ၊ ရွှေမော်ကွန်းများ၊ ဆုတောင်းစာများ၊ ဓာတုစေတီနှင့် ဓမ္မစေတီများ၊ ရတနာပစ္စည်းများကို မင်္ဂလာနတ်ပန်းရထားမှ တစ်ဆင့် အခေါက်ခေါက်ဆွဲကာ ထူပါရုံစေတီတော်မြတ်ကြီး၏အထွတ်သို့ ပင့်ဆောင်လျက်ရှိကြသည်။ ထိုအချိန်တွင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်အပါအဝင် သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစချီသည့် ဇယမင်္ဂလာအောင်ဂါထာကို အဆက်မပြတ် ရွတ်ဆိုပူဇော်နေကြသည်။

ထိုအခမ်းအနားကို မတ် ၁၆ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ဦး ထူပါရုံစေတီတော်ကြီး၌ကျင်းပခဲ့ပြီး စစ်ကိုင်းငလျင်ကြောင့် ထိခိုက်အက်ကွဲခဲ့ရသည့် စစ်ကိုင်းမြို့ ကျက်သရေဆောင် ထူပါရုံစေတီတော်မြတ်ကြီးကို အကြီးစားပြုပြင်မှုများ အားလုံး၏ ပြီးဆုံးခြင်းမှတ်တိုင် စိန်ဖူးတော်၊ ငှက်မြတ်နားတော် အထွတ်တင်လှူပွဲအဖြစ် ကျင်းပပူဇော်ခဲ့ခြင်း ဖြစ်သည်။ စစ်ကိုင်းမြို့သည် ဧရာဝတီမြစ်ကမ်းနဖူးပေါ်၌တည်ရှိပြီး ပုဂံပြီးပါက ဒုတိယမြောက် စေတီပုထိုးအများဆုံး တည်ရှိရာမြို့ဖြစ်သည့်အပြင် စစ်ကိုင်းတောင်ရိုးတစ်လျှောက်တွင်လည်း သံဃာတော်များနှင့် သီလရှင်များ သီတင်းသုံးနေထိုင်ရာ သာသနိက အဆောက်အအုံ အများဆုံးတည်ရှိရာ မြို့တစ်မြို့လည်းဖြစ်သည်။

“ထူပါရုံစေတီကြီးက စစ်ကိုင်းငလျင်လှုပ်လိုက်တဲ့နောက်မှာ အတော်လေး အက်ကွဲပျက်စီးခဲ့ရတယ်။ သီတဂူဆရာတော် ဦးဆောင်တဲ့ သီတဂူသာသနာပြုအဖွဲ့နဲ့ တစ်နိုင်ငံလုံးက စုစည်းလှူဒါန်းငွေကျပ်သိန်းပေါင်းတစ်သောင်းခွဲ အကုန်အကျခံ ပြုပြင်ခဲ့တာဖြစ်ပါတယ်။ သီဟိုဠ်ကျွန်းက ထူပါရုံစေတီတော်ကြီးနည်းတူ ပုံစံတူပြန်ပြီးဖော်ဆောင်တာလည်း ဖြစ်ပါတယ်။ မူလစေတီတော်ကိုမဖျက်ဘဲနဲ့ အပြင်ဘက်ကနေငုံပြီး တည်ခဲ့တာဖြစ်လို့ အကုန်အကျလည်း အတော်များခဲ့ရတာဖြစ်ပါတယ်။ အချိန်ကာလအားဖြင့်တော့ သုံးနှစ်ကျော် ကြာမြင့်ခဲ့တယ်” ဟု စစ်ကိုင်းသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သီတဂူဆရာတော်၏ လက်ထောက်ဆရာတော် အရှင်ဒေါက်တာ သုန္ဒရက မိန့်ကြားသည်။

ထူပါရုံစေတီတော်မြတ်ကြီး၏ မူလအစဒါယကာသည် အင်းဝဘုရင် နရပတိမင်းဖြစ်ပြီး သက္ကရာဇ် ၈၀၆ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာခဲ့သည့် မြတ်စွာဘုရားဓာတ်တော်၊ မွေတော်များကို ဌာပနာထည့်သွင်းကာ တည်ထားပူဇော်ခဲ့ခြင်းဖြစ်သည်။ နရပတိမင်းသည် ဒုတိယ စစ်ကိုင်းမြို့ကို တည်ထောင်မင်းပြုခဲ့သူဖြစ်ပြီး စစ်ကိုင်းမြို့၌ ခြောက်နှစ်ခန့်နန်းစံကာ သက္ကရာဇ် ၉၁၃ ခုနှစ်တွင် နရပတိအမည်ဖြင့် အင်းဝသို့ ပြောင်းရွှေ့မင်းပြုခဲ့သည်။ သီဟိုဠ်ကျွန်း မဟိယင်္ဂဏအရပ်မှသံဃာတော်များသည် မြန်မာနိုင်ငံသို့ လာရောက်သာသနာပြုခဲ့ကြသည်။ ထိုမင်းလက်ထက်တွင် သီဟိုဠ်ကျွန်းသို့ ချစ်ကြည်ရေးခရီးကြွရောက် ခဲ့ပြီး သီဟိုဠ်ဘုရင် ပရက္ကမာဗာဟုမင်းကြီးက စကားသားဖြင့် ထုထားသော ဘုရားဆင်းတုတော်များကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ဖူးသည်။ ထို့ပြင် ဓာတ်တော်အများအပြားကိုလည်း ဆက်သလာသည့်အတွက် စေတီပုထိုးများကို စစ်ကိုင်းမြို့ဝန်းကျင်၌ တည်ထားခဲ့ကြရာ ထူပါရုံစေတီ၊ မဓိယင်္ဂဏ (မရှိခဏ)စေတီနှင့် မဟာစေတီတော်တို့တည်ထားခဲ့ရာ ရာဇာမဏိစူဠာစေတီတော်မှာ သီဟိုဠ်ဘုရင်တို့ ပေးပို့သည့် ဓာတ်တော်ကြုပ်၏ ပုံစံအတိုင်းတည်ထားခြင်းဖြင့် အင်းဝအရှင် နရပတိမင်းလက်ထက်တွင် သီရိလင်္ကာနှင့် မြန်မာသာသနာရေး ရင်းနှီးချစ်ကြည်မှု အထိမ်းအမှတ်စေတီများအဖြစ် ထင်ရှားသည်။



ထူပါရုံစေတီတော်မြတ်ကြီး စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပနေမှုကို စစ်ကိုင်းမြို့နောက်ခံအလှရှုခင်းနှင့် တွေ့ရစဉ်။

စေတီတော်ပြုပြင်မှုများအတွက် မြန်မာဗိသုကာပညာရှင်များဖြစ်သည့် တမ္ပဝတီ ဦးဝင်းမောင်နှင့်အဖွဲ့၊ အင်ဂျင်နီယာ တမ္ပဝတီ ကိုချိုဇော်မင်း၊ ပန်းရန်ဆရာကြီး ဦးလွန်းမောင်နှင့်အဖွဲ့၊ လက်သမား ဦးအောင်ဝင်းနိုင်နှင့်အဖွဲ့၊ ပန်းပုကျောက်ဆစ် မုဒိတာ ဦးအောင်မင်းနှင့်အဖွဲ့ စတီးနှင့် သံချည်သံကွေး ဦးချိုင်းနှင့်အဖွဲ့၊ ထီးတော်ကို ဦးမော်မော်နှင့်အဖွဲ့၊ ငှက်မြတ်နားတော်ကို ဦးစံကြည်နှင့်အဖွဲ့၊ စိန်ဖူးတော်ကို သီတဂူအောင်နိုင်ဆွေနှင့် သီရိရတနာရွှေဆိုင် အလှူရှင်များအဖွဲ့၊ ပန်းထိမ်ဆရာများနှင့် ဆေးသုတ်ခြင်းကို ဦးညွန့်ဝေတို့ အဖွဲ့များမှ တာဝန်ယူဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ထီးတော်ဘုံ ၁၁ ဆင့်ကို ကပ်လှူပူဇော်ခဲ့ပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ယနေ့တွင် ပူဇော်ခဲ့ခြင်းဖြစ်သည်။



ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တာဝန်ရှိသူများက ထူပါရုံစေတီတော်မြတ်ကြီးအထွတ်၌ တင်လှူပူဇော်စဉ်။

“စိန်ဖူးတော်နဲ့ ငှက်မြတ်နားတော်အတွက် ငွေကျပ် သိန်း ၃၈၀၀ ကျော် ကုန်ကျခဲ့ပါတယ်။ တစ်ခုလုံး ကုန်ကျစရိတ်က ငွေကျပ်သိန်းပေါင်း တစ်သောင်းခွဲဖြစ်ပါတယ်။ ကျွန်တော်ကတော့ စေတီတော်ကြီးတစ်ခုလုံးရဲ့ လျှပ်စစ်မီးတိုင်တွေနဲ့ ဘုရားကြီးဘက်စုံထိန်းသိမ်းရေး၊ လုံးတော်ပြည့် မီးလင်းရေးတွေကို ခရစ်လိုက်ကုမ္ပဏီအနေနဲ့ ပြင်ဆင်လှူဒါန်းပေးခဲ့တာ ဖြစ်ပါတယ်။ စေတီတော်ကြီးရဲ့ အခုမြင်ရတဲ့ပုံသဏ္ဌာန်က သီရိလင်္ကာနိုင်ငံက မြတ်စွာဘုရားညှပ်ရိုးတော်တွေ ကိန်းဝပ်ရာ ထူပါရာမစေတီတော်ကြီးရဲ့ ပုံစံဖြစ်ပါတယ်။ အလွန်ကြည်ညိုဖွယ်ရာ ကောင်းတဲ့အပြင် စစ်ကိုင်းမြို့ဦးမှာရှိတဲ့ မြို့ကျက်သရေဆောင် စေတီကြီးတစ်ဆူလည်း ဖြစ်ပါတယ်”ဟု သီတဂူသာသနာပြုအဖွဲ့မှ ဦးကျော်မိုးနိုင်က ပြောကြားသည်။

၁၉၆၇ ခုနှစ် မှတ်တမ်းများအရ မူလတည်ထားခဲ့သည့် ထူပါရုံစေတီတော်ကြီးသည် စေတီငုတ်တိုကြီးအဖြစ်သာရှိတော့ပြီး တတိယပစ္စယံ အဆင့်အထိသာရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရသိရပြီး ၁၉၆၇ ခုနှစ်တွင် ဒီပါမြေဆရာတော်ကြီး၏ ကြိုးပမ်းမှုကြောင့် စေတီတော်ကြီးမှာ ရွှေရောင်တဝင်းဝင်းဖြင့် ပြန်လည်အပူဇော်ခံခဲ့ရသည်။ ၂၀၁၂ ခုနှစ်အထိ တည်ရှိနေခဲ့သည့် အဆိုပါစေတီတော်ကြီးသည် ယင်းကာလနောက်ပိုင်းငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်မှုများရှိသည့်အတွက် သီတဂူဆရာတော် ဦးဆောင်မှုနှင့် ယခုကဲ့သို့ ပြန်လည်ဖူးမြော်ခွင့်ရရှိခဲ့ကြောင်း သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

စစ်ကိုင်းထူပါရာမ စေတီတော်ကြီးမှာ သက္ကရာဇ် ၈၄၇၊ ၈၆၃ နှင့် ၉၅၂ တို့တွင် ငလျင်ကြီးလှုပ်ခတ်ခဲ့ခြင်းကြောင့် ပြိုကျပျက်စီးခဲ့ဖူးသည်။

ထိုအခါ သက္ကရာဇ် ၉၆၇ အရောက်တွင် အနောက်ဘက်လွန်မင်းက ပြန်လည်ပြင်ဆင်ပေးခဲ့သည်။ သက္ကရာဇ် ၁၀၀၈ ခုနှစ်တွင် သာလွန်မင်းက ရွှေကိုယ်လုံးတော်ပြည့် ကပ်လှူပူဇော်ခဲ့သည်။ သက္ကရာဇ် ၁၁၄၀ တွင်လည်း စဉ့်ကူးမင်းက ရွှေသင်္ကန်းကပ်လှူခဲ့ပြီး သက္ကရာဇ် ၁၁၆၁ ခုနှစ်တွင်မူ ဗဒုံမင်းက ထီးတော်အသစ် လှူဒါန်းပူဇော်ခဲ့သည်။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင်မူ ငလျင်ကြီးလှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး ၁၃၂၉ ခုနှစ်တွင် ဒီပါမြေဆရာတော်ကြီးက ပြန်လည်ပြင်ဆင်ခဲ့သည်။ သက္ကရာဇ် ၁၃၇၅ ခုနှစ်အရောက်တွင်မူ ငလျင်ကြီးလှုပ်ခတ်ခဲ့ပြန်သဖြင့် စေတီကိုယ်လုံးတော် အက်ကွဲပျက်စီးခဲ့သည်။ ထို့ကြောင့် မကြာခဏငလျင်ဒဏ်သင့်မှုဘေးမှ ကင်းဝေးစေရေးအတွက် သီတဂူဆရာတော်ဦးဆောင်မှုဖြင့် ကိုယ်လုံးတော်ပြည့် သံကွန်ချာအုပ်ကာ အခိုင်အမာ တည်ထားခဲ့သည်။ ပုံစံကိုမူ ဉာဏ်တော် ၁၃၅ တောင်ရှိသည့် သီရိလင်္ကာမှ ထမင်းဦးဖောင်းပုံသို့မဟုတ် ကောက်စပါးပုံစံ ထူပါရုံစေတီတော်ကိုအတုယူကာ တစ်သဝေမတိမ်း ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သီတဂူသာသနာပြုအဖွဲ့မှ သိရသည်။

“ဟောင်းနွမ်း ပျက်စီးတဲ့အရာတွေ ပြင်ဆင်တဲ့လုပ်ငန်းကို ဘုရားအဆူဆူတို့ ချီးမွမ်းတော်မူ၏” လို့ ရှင်မဟာကဿပမထေရ်မြတ် မိန့်ကြားအပ်ဖူးပါတယ်။ ဘာသာရေးနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက်နဲ့ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာကို စောင့်ရှောက်ထိန်းသိမ်းဖို့ ရည်ရွယ်ပြီး အင်းဝဘုရင်ကြီး နရပတိတည်ထားကိုးကွယ်တဲ့ ထူပါရုံစေတီတော်မြတ်ကြီးဟောင်းနွမ်းပျက်စီးနေတာကို မွမ်းမံပြုပြင်ခဲ့ရခြင်းဖြစ်တယ်” ဟု သီတဂူဆရာတော်က အခမ်းအနားတွင် မိန့်ကြားသည်။

ဘုရားရင်ပြင်တော်ပေါ်ဝယ် ထူပါရုံစေတီတော်မြတ်ကြီး အထွတ်တင်ပြီးမြောက်ခြင်းတို့တွင် တတ်အားသရွေ့ လှူဒါန်းထားကြသည့် အလှူ့ဒါယကာ၊ ဒါယိကာမများ၊ စစ်ကိုင်းမြို့သူ မြို့သားများ၊ အသင်းအဖွဲ့များနှင့် ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့သားများတို့က လက်အုပ်ချီမိုးကာ တရွေ့ရွေ့ မြင့်တက်သွားပြီဖြစ်သည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အပါအဝင် လှူဒါန်းမှုအစုစုတို့အား မျက်တောင်မခတ်တမ်း ငေး၍ ကြည်ညိုနေကြသည်။ စေတီတော်ပေါ်မှာ စိန်ဖူးတော်တပ်ဆင်ရေးအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များကို အယ်လ်အီးဒီ ဘုတ်များမှတစ်ဆင့် အများပြည်သူတို့ မြင်တွေ့ရသဖြင့် ပိုမိုသဒ္ဓါပွားရပေသည်။ စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော် အစုစုတို့ တင်လှူပူဇော်ပြီးသွားချိန်တွင် သာဓုခေါ်ဆိုသံများနှင့်အတူ စေတီတော်ကြီး၏ အထက်ပစ္စယံတို့မှ ဝဲကျလာသည့် ရတနာရွှေမိုးငွေမိုးများကြောင့် ဝမ်းသာပျော်ရွှင်နေကြသည့် မြင်ကွင်းများသည် စစ်ကိုင်းတောင်ရိုး တစ်ခွင် ကျက်သရေအပေါင်းနှင့် ပြည့်စုံလွှမ်းလှပေတကား။

သတင်းဆောင်းပါး-ခင်ရတနာ(မြန်မာ့အလင်း)၊ နိုင်လင်းကြည်(ကြေးမုံ)
ဓာတ်ပုံ-သီတဂူ (မောင်မောင်)၊ သိမ့်သိမ့်မိုး(မြန်မာ့အလင်း)

# ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်ပေါ်လာရေး မားမားမတ်မတ်ရပ်တည်ပါဝင်ပေးကြရန် တိုက်တွန်း

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသြဝါဒစကားပြောကြား





**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ရွာသစ်ကြီးရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသြဝါဒစကား ပြောကြားသည်။ **(ယာပုံ)**

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်တို့မှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက ယနေ့တွင် တိုင်းရင်းသား မျိုးဆက်သစ်လူငယ်များကို တစ်စုတစ်စည်းတည်း တွေ့ဆုံရသည့်အတွက် အထူးပင် ဝမ်းမြောက်ပါကြောင်း၊ ဤ တက္ကသိုလ်ကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုအတွက် အားကိုးအားထားပြုနိုင်သည့် လူငယ်ခေါင်းဆောင်များ မွေးထုတ်ပေးရန် ဖြစ်ပါကြောင်း။

ဤကျောင်းသည် ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ပေါက်ဖွားလာခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော် သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်က စစ်ကိုင်းမြို့၌ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး မူလတန်းဆရာအတတ်သင်နှင့် အထူးမူလတန်းဆရာအတတ်သင် သင်တန်းများ စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ပညာရေး မဟာဘွဲ့၊ မဟာဒဿန(ပညာရေးဘွဲ့)နှင့် ပညာရေးဘွဲ့(B.Ed)သင်တန်းများ ဖွင့်လှစ်ခဲ့ပါကြောင်း၊ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဤကျောင်းတော်ကြီးမှ မဟာပညာရေးဘွဲ့ရ ၉၃ ဦး၊ မဟာဒဿနပညာရေးဘွဲ့ရ ၃၅ ဦး၊ ပညာရေးဘွဲ့(B.Ed) ၃၄၅၄ ဦး၊ ဆရာအတတ်သင် ဒီပလိုမာဘွဲ့ရ ၆၃၅ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ အထူးမူလတန်း ဆရာအတတ်သင် ၄၆၁ ဦး၊ မူလတန်း ဆရာအတတ်သင် ၇၅၅၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ မွေးထုတ်ပေးခဲ့သည့် အထဲတွင် တိုင်းရင်းသား လူမျိုးပေါင်း ၉၂ မျိုး ပါဝင်နေသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့အတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၅၀ စီကို တာဝန်ရှိသူများထံ ပေးအပ်စဉ်။** (သတင်းစဉ်)

ဤကျောင်းတော်ကြီးက မွေးထုတ်ပေးလိုက်သည့် ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း လူငယ်များသည် သက်ဆိုင်ရာဒေသများတွင် ပညာရေးဝန်ထမ်းများအဖြစ် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးခဲ့ကြပါကြောင်း၊ ယနေ့အချိန်တွင် ဤကျောင်းတော်ကြီးမှ မွေးထုတ်ပေးလိုက်သည့် လူငယ်များသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဒီမိုကရေစီ ကူးပြောင်းရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍများ၌ တာဝန်ထမ်းဆောင် နေကြသည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပြီ ဖြစ်ပါကြောင်း၊ ဤကျောင်းတော်ကြီးက မွေးထုတ်ပေးလိုက်သည့် လူငယ်များကို ဒေသဆိုင်ရာ ပြည်သူလူထုက မည်မျှအထိ ယုံကြည် အားကိုးကြသည်ကို လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်နေကြသည်ကို ကြည့်ခြင်းအားဖြင့် ထင်ရှားစွာ တွေ့မြင်နိုင်ပါကြောင်း၊ အမိတက္ကသိုလ် ကျောင်းတော်ကြီး အတွက် ဂုဏ်ယူစရာဖြစ်သကဲ့သို့ အားကျအတုယူစရာ အောင်မြင်မှုများပင်ဖြစ်ပါကြောင်း၊ ရေခံမြေခံကောင်းဖြစ်သည်ကို ပြသနေခြင်း ဖြစ်သကဲ့သို့ အစဉ်အလာကောင်းများကို ရေးထိုးနေခြင်းလည်းဖြစ်ရာ နိုင်ငံတော်အတွက်လည်း အထူးဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်သည်ကို အလေးအနက်ထား ပြောကြားလိုပါကြောင်း။

ယခုအချိန်တွင် နိုင်ငံတော်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်သကဲ့သို့ နိုင်ငံတကာ၏ အသိအမှတ်ပြုမှု၊ ထောက်ခံမှုများနှင့် နိုင်ငံတကာမျက်နှာစာတွင် ထိုက်သင့်သည့် ဂုဏ်သိက္ခာကို ပြန်လည်ရရှိနေပြီဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာ နောက်ကျကျန်ရစ်ခဲ့ရသည့် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ မျှော်လင့်စရာအကောင်းဆုံး အနေအထားနှင့် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါကြောင်း၊ စတင်ခဲ့ပြီဖြစ်သည့် နိုင်ငံတည်ဆောက်ရေး ခရီးရှည်ကြီးတွင် မျိုးဆက်သစ် တိုင်းရင်းသား လူငယ်များ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးပါကြောင်း၊ ထို့ကြောင့် ယနေ့ ဤကျောင်းတော်ကို အရောက်လာခဲ့ခြင်းလည်း ဖြစ်ပါကြောင်း၊ ဤကျောင်းတော်ကြီးတွင် တိုင်းရင်းသားလူငယ်များ စုံလင်စွာ တက်ရောက်နေကြပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ရည်ရွယ်ချက်ကောင်းများနှင့် တည်ထောင်ထားရှိသည့် ဤတက္ကသိုလ်၊ ဤကျောင်းတော်ကြီးသည် ပြည်ထောင်စုအတွက် အရေးကြီးသည့် အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါကြောင်း။

ယနေ့ နိုင်ငံရေးအပြောင်းအလဲများ ဆက်တိုက်ဖြစ်ပေါ်လာချိန်တွင် **ပထမဦးဆုံးအချက်**အနေဖြင့် **“ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး”** ကို အလေးအနက်ထား ရှင်းလင်း ပြောကြားလိုပါကြောင်း၊ ကမ္ဘာပေါ်တွင် ပြည်ထောင်စုနိုင်ငံများ ပေါ်ထွန်းခဲ့ကြသကဲ့သို့ ညီညွတ်ရေးပြိုကွဲချိန်တွင် အပိုင်းပိုင်းကွဲပြိုခဲ့ရသည့် ပြည်ထောင်စုနိုင်ငံတော်များကိုလည်း တိုင်းရင်းသားလူငယ်များ၏ မျက်စိရှေ့၌ပင် မြင်တွေ့ခဲ့ကြရပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးအယူဝါဒများ၊ အင်အားကြီးနိုင်ငံများ၏ မဟာဗျူဟာအကျိုးစီးပွားများကြောင့် ခိုင်မာပါသည်ဆိုသည့် ပြည်ထောင်စု နိုင်ငံကြီးများတွင် “သူတစ်လူငါတစ်မင်းနှင့် စစ်တလင်း” များ ဖြစ်ခဲ့ကြသည်ကိုလည်း သတိပြုမိကြမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံတော်သီချင်းတွင် ပါဝင်နေသည့် “ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့မြေ” ဖြစ်စေရေးအတွက် ပြည်ထောင်စုကြီးနှင့် လိုက်လျောညီထွေဖြစ်မည့် ဖက်ဒရယ်စနစ်ကို ရွေးချယ်နိုင်ရန် လွန်စွာအရေးကြီးပါကြောင်း၊ မိမိတို့ မျှော်မှန်းသည့် ပြည်ထောင်စု၊ မိမိတို့ မျှော်မှန်းသည့် ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်နယ်များနှင့် ဖွဲ့စည်း တည်ဆောက်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ပင် ဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်ကို ယခုကဲ့သို့ ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း။

ကွန်ဖက်ဒရေးရှင်းနှင့် ဖက်ဒရယ်မှာ သဘောသဘာဝအားဖြင့် ကြီးကြီးမားမား ကွဲပြားခြားနားသည်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ထားကြရန် လိုအပ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ကွန်ဖက်ဒရေးရှင်းနိုင်ငံများသည် ပြိုကွဲလွယ်သည့် ဖွဲ့စည်းတည်ဆောက်မှုနှင့် အကျိုးစီးပွား ပဋိပက္ခများကြောင့် ရေရှည်တည်တံ့ခိုင်မြဲရန် မလွယ်ကူပါကြောင်း၊ ကမ္ဘာတွင် ပြိုကွဲသွားသည့် ပြည်ထောင်စုများကို လေ့လာကြည့်ပါက ကွန်ဖက်ဒရေးရှင်းပုံစံ နိုင်ငံများစုစည်းထားသည့် ပေါင်းစည်းမှုမျိုး ဖြစ်နေသည်ကို သတိကြီးကြီးထားပါက တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ မျှော်မှန်းသည့် ဖက်ဒရယ်ဆိုသည်မှာ ကရင်တိုင်းရင်းသား တစ်ယောက်သည် ကရင်ပြည်နယ်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် ***စာမျက်နှာ ၉ သို့***

# အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ပြီး ကြိုးပမ်းပေးကြစေလို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းမြို့ ရွာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ မှ*

သက်ဆိုင်ပါကြောင်း၊ ပြည်ထောင်စုသားဆိုသည်မှာ ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ်နှင့် တစ်အူထုံ့ဆင်း သွေးသားအရင်းအချာ ပဋိညာဉ်နှင့် စုစည်းနေထိုင်ကြသည့် သဘောသဘာဝမျိုး ဖြစ်ပါကြောင်း။ ကွန်ဖက်ဒရေးရှင်းဆိုသည်မှာ မဟာဗျူဟာအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ၊ ဒေသအခြေအနေအရဖြစ်စေ အခြေအနေ အကြောင်းတစ်ရပ်ရပ်တွင် စုစည်းနေထိုင်ရန် ပဋိညာဉ်များထားရှိပြီး တည်ဆောက်ထားကြခြင်းဖြစ်ပါကြောင်း၊ အခန့်မသင့် အကြောင်းမလှသည့် တစ်ချိန်ချိန်တွင် နိုင်ငံများအကြား ထားရှိခဲ့သည့် ပဋိညာဉ်များပျက်ပြယ်ပြီး အလွယ်တကူ ပြိုကွဲသွားတတ်ကြပါကြောင်း။

မိမိတို့နိုင်ငံတော်၊ မိမိတို့ပြည်ထောင်စု၏သမိုင်းကို ပြန်ကြည့်ပါက ခေတ်အဆက်ဆက်မည်မျှပင် ကမ္ဘာ့အခြေအနေများ ပြောင်းလဲခဲ့သော်လည်း အစဉ်အမြဲမပြောင်းလဲသည့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး တည်ဆောက်ထားခဲ့သည်ကို သိရှိထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ မည်သည့်အရပ်ဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ဥမကွဲသိုက်မပျက် နေထိုင်သွားလိုသည့် စိတ်ဓာတ်သည် မိမိတို့နိုင်ငံ၊ မိမိတို့ပြည်ထောင်စုကို စည်းနှောင်ထားသည့် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါကြောင်း၊ အခွင့်အရေး ညီတူညီမျှဖြစ်ရမည်ဖြစ်ပြီး ဝါဒရေးရာ ကွဲပြားမှုမရှိခြင်းသည် မိမိတို့ဘိုးဘွားများ မျှော်မှန်းခဲ့သည့် ဖက်ဒရယ်စနစ်လည်းဖြစ်ပါကြောင်း၊ တစ်ခုတည်းသော တပ်မတော်ဖြစ်ခြင်း၊ အားနည်းသည့်ဒေသများကို အားကောင်းသည့် ဒေသများက ခွဲဝေမျှဝေပြီး အတူတူခံစားခြင်းနှင့် ဖွံ့ဖြိုးမှု တန်းတူဖြစ်ရမည်ဖြစ်သကဲ့သို့ အကြားအလပ်မရှိ သွေးစည်းမှုရှိနေရမည် ဖြစ်ပါကြောင်း၊ “လက်သည်းဆိတ်တော့ လက်ထိပ်နာ” ဆိုသကဲ့သို့ မိမိပြည်နယ် မိမိဒေသတစ်ခုတည်းအတွက်သာမက ပြည်ထောင်စု၏ မည်သည့်နေရာအတွက်ပင်ဖြစ်စေ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ မျှော်မှန်းသည့် “ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပေါ်လာရေး” တွင် မားမားမတ်မတ်ရပ်တည်ပြီး ပါဝင်ပေးကြရန် အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဒုတိယအချက်** အနေဖြင့် **“အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြရန်”** ရှင်းလင်းပြောကြားလိုပါကြောင်း၊ အားလုံးသိကြပြီးဖြစ်သည့်အတိုင်း လွတ်လပ်ရေးရပြီဆိုသည်နှင့် မိမိတို့နိုင်ငံသည် ပြည်တွင်းစစ်နွံအတွင်း သက်ဆင်းကျရောက်ခဲ့ရပါကြောင်း၊ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ်ဆိုသည့်အတိုင်း နှစ်ပေါင်း ၇၀ နီးပါး ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်တွင်းစစ်၏ ဆိုးကျိုး သက်ရောက်မှုကြောင့် သယံဇာတများကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သည့်အတွက် သယံဇာတများသာမက မူးယစ်ဆေးဝါးနှင့် တရားမဝင် ကုန်သွယ်မှုများ ထွန်းကားခဲ့ပါကြောင်း၊ သက်ဆိုင်ရာဒေသက ပြည်သူများအနေဖြင့် စစ်ဘေးတိမ်းရှောင်ပြီး တောနှင့် တောင်များဆီသို့ ရောက်ရှိခဲ့ကြရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ရပ်များပင် ဖြစ်ပါကြောင်း၊ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံသည် တိုင်းသူပြည်သား၊ နိုင်ငံသားများ ညီညွတ်စည်းလုံးနေမှသာ အင်အားတောင့်တင်းမည်ဖြစ်သကဲ့သို့ အခြားနိုင်ငံများကလည်း တလေးတစားနှင့် အလေးထားတတ်ကြမည်မှာ သဘာဝပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့် ငါးနှစ်တာကာလတွင် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို အထူး ဦးစားပေးပြီး ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး မရှိသမျှ မိမိတို့နိုင်ငံသည် တိုးတက်ရန်နှင့် မျှော်မှန်းသည့် နိုင်ငံတော် ဖြစ်ပေါ်လာရန် အလှမ်းဝေးကွာနေဦးမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးယုံကြည်ချက်များ မည်မျှပင်ကွဲကွဲ၊ ကွဲနေသည့်အထဲက ဘုံတူညီသည်များကို ရှာဖွေနိုင်ရမည်ဖြစ်ပါကြောင်း၊ တူညီသည်များကို တွဲပြီး လုပ်နိုင်ရမည်ဟုခံယူပြီး ဒိုင်ယာလော့နှင့် ညှိနှိုင်းဖြေရှင်းတတ်သည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို စတင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်ကြည့်ပါက အားလုံးကောင်းပါသည်ဆိုသော အခြေအနေတစ်ရပ်၊ အားလုံးပြည့်စုံပြီဆိုသည့် အနေအထားတစ်ရပ်ကို မရောက်ရှိနိုင်သေးသော်လည်း လုပ်လို့ရသမျှ၊ မိမိတို့လုပ်နိုင်သမျှ ကြိုးစားပြီး လုပ်ဆောင်ခဲ့ရာတွင် ယခုအချိန်၌ ပြည်တွင်းငြိမ်းချမ်းရေးသည် မျှော်လင့်စရာအကောင်းဆုံးလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

မိမိနိုင်ငံ၊ ပြည်သူများအနေနှင့် ရှေ့ကိုဆက်၍ များစွာလျှောက်လှမ်းကြရဦးမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မတူကွဲပြားမှုများကို ညီညွတ်မှု၊ ငြိမ်းချမ်းမှုနှင့် စုစည်းနိုင်မည်ဆိုပါက မျှော်မှန်းသည့် နိုင်ငံတော်သစ်ဆီသို့ အချိန်တိုတိုအတွင်း အရောက်လှမ်းနိုင်မည်ပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ အမျိုးမျိုးပါဝင်နေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ပေးကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း။

**တတိယအချက်** အနေဖြင့် အလေးထားပြီး မှာကြားလိုသည်မှာ **“အခွင့်အလမ်းအသစ်တွေနဲ့ စိန်ခေါ်မှုအသစ်တွေအတွက် အဆင်သင့်ဖြစ်နေကြဖို့”** ဖြစ်ပါကြောင်း၊ နိုင်ငံတကာမဟာဗျူဟာ အပြောင်းအလဲ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများနှင့် တစ်ချိန်တည်းမှာပင် အခွင့်အလမ်းသစ်များ၊ စိန်ခေါ်မှုအသစ်များ ထွက်ပေါ်လာနေပြီဖြစ်ပါကြောင်း၊ ဤကျောင်းတော်ကြီးတွင် ပညာသင်ကြားပြီးမြောက်အောင်မြင်သည့်အချိန်တွင် နေရာဒေသအမျိုးမျိုး၌ သွားရောက်တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ နေရာဒေသအသီးသီးတွင် ရှိနေသည့် မျိုးဆက်သစ် လူငယ်များကို ပြုစုပျိုးထောင်ပေးကြရမည့် တာဝန်အပြင် ဤကျောင်းတော်ကြီးတွင် အခိုင်အမာဖြစ်ထွန်းလာခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို လက်ဆင့်ကမ်းမျှဝေပေးကြရဦးမည် ဖြစ်ပါကြောင်း၊ မဖွံ့ဖြိုးသေးသည့် နယ်စပ်ဒေသများ၊ တိုင်းရင်းသားနယ်မြေများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသိပညာခေတ်တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ဆက်လက်ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

ယနေ့ခေတ် မိုဘိုင်းဖုန်းယဉ်ကျေးမှုအသစ်ပေါ်ပေါက်လာချိန်တွင် လူငယ်များသည်လည်း ကမ္ဘာနှင့် တိုးလျှိုပေါက်ဆက်သွယ်ဆက်ဆံနေကြပြီဖြစ်ပါကြောင်း၊ အခွင့်အလမ်းအသစ်များကို အမိအရ ရယူနိုင်ရေး အဆင်သင့်ဖြစ်နေကြရန်၊ အခွင့်အလမ်းများနှင့်အတူ ဒွန်တွဲပါရှိလာမည့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ဖြေရှင်း ကျော်လွှားနိုင်ရေးအတွက် အဆင်သင့်ဖြစ်နေကြရန် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း၊ နောက်တစ်နေ့တွင် တွေ့ကြုံလာရမည့် အရာရာတိုင်းအတွက် အဆင်သင့်ဖြစ်နေစေရေး ယနေ့ ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါကြောင်း၊ မမျှော်မှန်းနိုင်သည့် အရာရာအတွက် အဆင်သင့်ဖြစ်နေအောင် မိမိကိုယ့်ကိုယ် အစဉ်အမြဲ သွေးနေရန် လိုအပ်ပါကြောင်း။

မိမိတို့ တည်ဆောက်ခဲ့သော ပြီးခဲ့သည့်ငါးနှစ်တွင် အကောင်းဆုံးဟု မဆိုနိုင်သော်လည်း အဘက်ဘက်တွင် မျှော်လင့်စရာအကောင်းဆုံးနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း လာမည့်ဆယ်နှစ်အတွင်း အလားအလာ အကောင်းဆုံး ထွန်းသစ်စနိုင်ငံအဖြစ် စောင့်ကြည့်နေကြပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၁ ရာစုတွင် ဒီမိုကရေစီကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အတုယူစရာအကောင်းဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေပြီဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့နိုင်ငံ၏ ရှေ့ဆက်မည့်ခရီးလမ်း ချောမွေ့စေရန်၊ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အခွန့်ရှည်တည်တံ့နိုင်စေရန်၊ ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ညီညီညွတ်ညွတ်နှင့် စည်းစည်းလုံးလုံး နေနိုင်ကြစေရန်၊ အားလုံးမျှော်လင့်တောင့်တနေသည့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အားလုံးကျရာအခန်း၊ တတ်နိုင်သည့်ကဏ္ဍက ကြိုးပမ်းဆောင်ရွက်ပေးကြရန် ယနေ့အချိန်တွင် အလေးအနက်ထားပြီး မှာကြားလိုပါကြောင်း၊ မပြီးဆုံးသေးသည့် အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင်လည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ပြီး နောင်လာမည့်သားစဉ်မြေးဆက်အတွက် ဆောင်ကြဉ်းပေးနိုင်ရေး ကြိုးပမ်းပေးကြရန် ပြောကြားလိုပါကြောင်း။

ဤကျောင်းတော်ကြီးတွင် ပညာသင်ကြားစဉ် အချိန်ကိုအကျိုးရှိရှိ အသုံးချကြရန်၊ သင်တန်းသူ၊ သင်တန်းသား ညီအစ်ကိုမောင်နှမများ အချင်းချင်းအကြား စည်းလုံးညီညွတ်မှု၊ ကူညီရိုင်းပင်းမှုများကို အစပြုပေးကြရန်၊ ပြည်ထောင်စုကြီး၏ နေရာအနှံ့အပြားတွင် ရှိသည့် ပြည်ထောင်စုသား မျိုးဆက်သစ်များ၏ အနာဂတ်ဘဝများ သာယာလှပရေးအတွက် ယနေ့ အပင်ပန်းခံ ကြိုးပမ်းနေကြခြင်းဖြစ်သည်ကို နှလုံးသွင်းပြီး ကြိုးစားပေးကြပါရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း။

ဤကျောင်းတော်ကြီးတွင် စိတ်ချမ်းချမ်းသာသာ၊ ကိုယ်ကျန်းကျန်းမာမာနှင့် ထူးချွန်အောင်မြင်အောင် ပညာသင်ကြားနိုင်ကြပါစေ၊ သင်တန်းများ ပြီးဆုံးသွားသည့်အခါတွင်လည်း နေရာဒေသအသီးသီး၌ အားထားရသည့် ခေါင်းဆောင်များအဖြစ် တာဝန် ထမ်းဆောင်နိုင်ကြပါစေ၊ ပြည်ထောင်စုကြီး မပြိုကွဲ မပျက်စီးရအောင် ဤကျောင်းတော်ကြီးက ပြည်ထောင်စု စိတ်ဓာတ်ကို လက်ဆင့်ကမ်းမျှဝေနိုင်ကြပါစေ၊ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အားထားရသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်နှင့် ကောလိပ်တို့မှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ စီကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက တက္ကသိုလ်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**(သတင်းစဉ်)**

---

❍ *ကျောဖုံးမှ*

တက်ရေးအတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် အားကုန်ထုတ်ကစားခဲ့ပြီး ခြေစွမ်းမပြနိုင်သည့်အပြင် အဆုံးသတ်အားနည်းခဲ့၍ ဧရာဝတီအသင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိခဲ့သည့် ဘင်ဂါလူရူးအသင်းမှာ အဝေးကွင်းနိုင်ပွဲရရှိခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

ဧရာဝတီအသင်းမှာ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာသော်လည်း ပထမပိုင်းတွင်ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသည်။ ဘင်ဂါလူရူးအသင်းကို ခြေစွမ်းပိုင်းအသာမရခဲ့သလို ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ အဓိကတိုက်စစ်မှူး ခရစ္စတိုဖာ ပုံမှန်ခြေမရသလို အပိုင်အခွင့်အရေးများ ဖြုန်းတီးပစ်ခဲ့၍ ဧရာဝတီအသင်းနစ်နာခဲ့ရသည်။ ဘင်ဂါလူရူးအသင်းမှာ ဂိုးရရှိရန် ပိုဖိကစားနိုင်ခဲ့ပြီး ၃၃ မိနစ်တွင် ချီထရီက ဂိုးစတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဧရာဝတီအသင်း ချေပဂိုးရရှိရန် တာမူရာ၊ အောင်ရဲထွဋ်တို့ကိုထည့်ပြီး အပြောင်းအလဲပြုလုပ်ခဲ့သည်။ ဧရာဝတီအသင်း တောက်လျှောက် ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်တွင် အချိန်အဆက်လွဲချော်နေခြင်းကြောင့် ဘင်ဂါလူရူးနောက်တန်းအလွယ်တကူ ဖျက်ထုတ်နိုင်ခဲ့သည်။ ဧရာဝတီအသင်းရရှိသည့်အခွင့်အရေးများကိုလည်း ကျော်ဇေယျာဝင်း၊ သီဟဇော်နှင့် ခရစ္စတိုဖာတို့အသုံးမချနိုင်ခဲ့၍ ဧရာဝတီအသင်းအိမ်ကွင်း၌ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းမှာ ပထမအကျော့သုံးပွဲတွင်နိုင်ပွဲတစ်ပွဲသာရရှိပြီး နှစ်ပွဲရှုံးဖြင့် သုံးမှတ်ရရှိထားသည်။ ဧရာဝတီအသင်းမှာ ဒုတိယအကျော့သုံးပွဲတွင် အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု (G)ပွဲစဉ်တွင် ရန်ကုန်က အိန္ဒိယကလပ် မိုဟန်ဘောဂန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မိုဟန်ဘောဂန်က ၁၀ မိနစ်နှင့် ၂၁ မိနစ်တွင် ဂိုးများသွင်းယူပြီး ရန်ကုန်အတွက် မာဆယ်လိုက ၃၄ မိနစ်နှင့် ၆၃ မိနစ်တို့တွင် ချေပဂိုးသွင်းယူခဲ့သော်လည်း ၆၆ မိနစ်တွင် မိုဟန်ဘောဂန်က တတိယအနိုင်ဂိုးသွင်းယူခဲ့သည်။

❊ *ကျောဖုံးမှ*

၃။ ထို့အပြင် ဒေသအသီးသီး၌ မြေကိစ္စများဖြေရှင်းဆောင်ရွက်ရာတွင် ပြည်သူများ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**စုံစမ်းရေးကော်မရှင်မှ ပေးပို့သော အစီရင်ခံစာအပိုင်းအသီးသီးပါ မြေကိစ္စများလက်ခံရရှိမှု**

၄။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ပေးပို့လာသည့် မြေကိစ္စ အမှုတွဲ(၁၇,၇၁၈)မှုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ စိစစ်ဖြေရှင်းနိုင်ရန်အတွက် အောက်ပါအတိုင်း ပေးပို့ဆောင်ရွက်လျက်ရှိပါသည်-

(က) နေပြည်တော်ကောင်စီ - (၁,၆၅၅) မှု
(ခ) ကချင်ပြည်နယ် - (၁၄၉) မှု
(ဂ) ကယားပြည်နယ် - (၃၉) မှု
(ဃ) ကရင်ပြည်နယ် - (၂၉၆) မှု
(င) ချင်းပြည်နယ် - (၃၈) မှု
(စ) စစ်ကိုင်းတိုင်းဒေသကြီး - (၈၇၁) မှု
(ဆ) တနင်္သာရီတိုင်းဒေသကြီး - (၄၄၁) မှု
(ဇ) ပဲခူးတိုင်းဒေသကြီး - (၁,၈၃၉) မှု
(ဈ) မကွေးတိုင်းဒေသကြီး - (၁,၀၃၂) မှု
(ည) မန္တလေးတိုင်းဒေသကြီး - (၁,၈၃၂) မှု
(ဋ) မွန်ပြည်နယ် - (၄၉၄) မှု
(ဌ) ရခိုင်ပြည်နယ် - (၈၄၂) မှု
(ဍ) ရန်ကုန်တိုင်းဒေသကြီး - (၄,၃၁၄) မှု
(ဎ) ရှမ်းပြည်နယ် - (၂,၃၃၃) မှု
(ဏ) ဧရာဝတီတိုင်းဒေသကြီး - (၁,၅၄၃) မှု
စုစုပေါင်း - (၁၇,၇၁၈) မှု

**စုံစမ်းရေးကော်မရှင်မှ ပေးပို့လာသော အစီရင်ခံစာအပိုင်းအသီးသီးပါမြေကိစ္စများအပေါ် စိစစ်ဖြေရှင်း ဆောင်ရွက်ပြီးစီးမှု**

၅။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသည် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက်စုံစမ်းရေးကော်မရှင်မှ ပေးပို့လာသည့် အစီရင်ခံစာအပိုင်းများပါ မြေကိစ္စအမှုတွဲ(၁၇,၇၁၈)မှုနှင့် စပ်လျဉ်း၍ (၂၉-၂-၂၀၁၆) ရက်နေ့အထိ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | စိစစ်ဖြေရှင်းရန် အမှုတွဲပေါင်း | စိစစ်ဖြေရှင်းပြီး | | | | | | | | | စိစစ်ဖြေရှင်းဆဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အသုံးပြုရန် လိုအပ်ချက်အရ မစွန့်လွှတ်သည့် မြေကိစ္စ | လျော်ကြေးပေး ညှိနှိုင်းပြီး၍ ဆက်လက် အသုံးပြုမှု | အသုံးပြုရန် ထက် ပိုမိုမှုကြောင့် စွန့်လွှတ်သည့် မြေကိစ္စ | အသုံးမပြု၍ အားလုံးစွန့်လွှတ်သည့် မြေကိစ္စ | အကြောင်းအရာတူ တိုင်စာများ | ပုဂ္ဂလိက၊ အချင်းချင်း တရားစီရင်ရေး လုပ်ငန်းအရ ဖြေရှင်းရန် မြေကိစ္စများ | မှားယွင်းတိုင်ကြားခြင်း | ပေါင်း | ရာခိုင်နှုန်း | |
| ၁ | နေပြည်တော် | ၁၆၅၅ | ၈၄၈ | ၇၂ | ၃ | ၄ | ၁၂၉ | ၁၁၄ | ၃၃ | ၁၂၀၃ | ၇၂.၆၉% | ၄၅၂ |
| ၂ | ကချင် | ၁၄၉ | ၃၀ | ၁၂ | ၁ | ၃ | ၄၆ | ၃၅ | ၇ | ၁၃၄ | ၈၉.၉၃% | ၁၅ |
| ၃ | ကယား | ၃၉ | ၆ | ၃ | ၄ | ၂ | ၁၄ | ၉ | | ၃၈ | ၉၇.၄၃% | ၁ |
| ၄ | ကရင် | ၂၉၆ | ၁၀၇ | ၉ | ၇ | ၆ | ၆၄ | ၄၃ | ၁၈ | ၂၅၄ | ၈၅.၈၁% | ၄၂ |
| ၅ | ချင်း | ၃၈ | ၁၀ | ၁ | ၁ | ၁ | ၁၅ | ၃ | ၂ | ၃၃ | ၈၆.၈၄% | ၅ |
| ၆ | စစ်ကိုင်း | ၈၇၁ | ၂၀၉ | ၃၇ | ၉ | ၁၈ | ၂၃၄ | ၁၃၀ | ၁၂ | ၆၄၉ | ၇၄.၅၁% | ၂၂၂ |
| ၇ | တနင်္သာရီ | ၄၄၁ | ၁၆၀ | ၇ | ၅ | | ၁၃၂ | ၇၀ | ၃၀ | ၄၀၆ | ၉၂.၀၆% | ၃၅ |
| ၈ | ပဲခူး | ၁၈၃၉ | ၅၆၂ | ၅၇ | ၁၆ | ၃၆ | ၃၇၈ | ၃၁၅ | ၁၀၄ | ၁၄၆၈ | ၇၉.၈၃% | ၃၇၁ |
| ၉ | မကွေး | ၁၀၃၂ | ၂၀၀ | ၉ | ၂၅ | ၁၅ | ၂၉၂ | ၁၂၀ | ၁၅ | ၆၇၆ | ၆၅.၅၀% | ၃၅၆ |
| ၁၀ | မန္တလေး | ၁၈၃၂ | ၅၂၇ | ၃၂ | ၂၂ | ၂၉ | ၈၄၉ | ၂၀၁ | ၉၀ | ၁၇၅၀ | ၉၅.၅၂% | ၈၂ |
| ၁၁ | မွန် | ၄၉၄ | ၁၂၅ | ၁၁ | ၁၀ | ၁၃ | ၉၇ | ၂၀၅ | ၁၆ | ၄၇၇ | ၉၆.၅၆% | ၁၇ |
| ၁၂ | ရခိုင် | ၈၄၂ | ၂၈၃ | ၂၀ | ၁၂ | ၆၆ | ၂၁၀ | ၁၁၂ | ၅၂ | ၇၅၅ | ၈၉.၆၇% | ၈၇ |
| ၁၃ | ရန်ကုန် | ၄၃၁၄ | ၁၃၄၂ | ၅၉ | ၆ | ၃၀ | ၄၂၄ | ၁၂၀ | ၇၂ | ၂၀၅၃ | ၄၇.၅၉% | ၂၂၆၁ |
| ၁၄ | ရှမ်း | ၂၃၃၃ | ၆၈၉ | ၈၁ | ၅၃ | ၆၉ | ၉၁၁ | ၂၇၈ | ၁၀၁ | ၂၁၈၂ | ၉၃.၅၃% | ၁၅၁ |
| ၁၅ | ဧရာဝတီ | ၁၅၄၃ | ၄၈၉ | ၅၇ | ၆၀ | ၇၀ | ၂၉၈ | ၄၇၀ | ၇၄ | ၁၅၁၈ | ၉၈.၃၈% | ၂၅ |
| | စုစုပေါင်း | ၁၇၇၁၈ | ၅၅၈၈ | ၄၆၇ | ၂၃၄ | ၃၆၂ | ၄၀၉၃ | ၂၂၃၅ | ၆၂၇ | ၁၃၅၉၆ | ၇၆.၇၄% | ၄၁၂၂ |

**တိုက်ရိုက်တိုင်ကြားစာများလက်ခံရရှိမှုနှင့် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေ**

၆။ ထို့အပြင် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသည် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှပေးပို့သည့် အစီရင်ခံစာအပိုင်းများပါ မြေကိစ္စများအပြင် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ လွှဲပြောင်းပေးပို့လာသော မြေကိစ္စတိုင်ကြားစာများနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ တိုက်ရိုက်ပေးပို့တင်ပြလာသော မြေကိစ္စတိုင်ကြားစာများကိုလည်း စိစစ်ဖြေရှင်းဆောင်ရွက်လျက်ရှိရာ (၂၉-၂-၂၀၁၆) ရက်နေ့အထိ မြေကိစ္စတိုင်ကြားစာ လက်ခံရရှိမှုနှင့် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | တိုင်ကြားစာ လက်ခံရရှိမှု | စိစစ်ဖြေရှင်းပြီး | | | | | | | | | စိစစ်ဖြေရှင်းဆဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အသုံးပြုရန် လိုအပ်ချက်အရ မစွန့်လွှတ်သည့် မြေကိစ္စ | လျော်ကြေးပေး ညှိနှိုင်းပြီး၍ ဆက်လက် အသုံးပြုမှု | အသုံးပြုရန် ထက် ပိုမိုမှုကြောင့် စွန့်လွှတ်သည့် မြေကိစ္စ | အသုံးမပြု၍ အားလုံးစွန့်လွှတ်သည့် မြေကိစ္စ | အကြောင်းအရာတူ တိုင်စာများ | ပုဂ္ဂလိက၊ အချင်းချင်း တရားစီရင်ရေး လုပ်ငန်းအရ ဖြေရှင်းရန် မြေကိစ္စများ | မှားယွင်းတိုင်ကြားခြင်း | ပေါင်း | ရာခိုင်နှုန်း | |
| ၁ | နေပြည်တော် | ၈၃ | ၆ | ၂ | - | - | ၇ | ၇ | ၂ | ၂၄ | ၂၈.၉၂% | ၅၉ |
| ၂ | ကချင် | ၂၇ | ၁ | - | - | - | ၃ | ၈ | ၁ | ၁၃ | ၄၈.၁၅% | ၁၄ |
| ၃ | ကယား | ၈ | ၁ | - | - | - | ၆ | - | - | ၇ | ၈.၇၅% | ၁ |
| ၄ | ကရင် | ၈၁ | ၈ | ၁ | - | - | ၃ | ၉ | ၁ | ၂၂ | ၂၇.၁၆% | ၅၉ |
| ၅ | ချင်း | ၉ | ၁ | - | - | - | ၁ | ၁ | ၁ | ၄ | ၅၅.၅၆% | ၅ |
| ၆ | စစ်ကိုင်း | ၁၉၈ | ၄ | ၅ | - | - | ၇ | ၃၃ | - | ၄၉ | ၂၄.၇၅% | ၁၄၉ |
| ၇ | တနင်္သာရီ | ၃၇ | ၁၁ | - | - | - | ၉ | ၁၁ | ၃ | ၃၄ | ၉၁.၈၉% | ၃ |
| ၈ | ပဲခူး | ၄၀၄ | ၉၈ | ၁၃ | - | - | ၅၄ | ၈၆ | ၁၉ | ၂၇၀ | ၆၆.၈၃% | ၁၃၄ |
| ၉ | မကွေး | ၁၅၀ | - | - | - | - | ၂၀ | ၈ | - | ၂၉ | ၁၉.၃၃% | ၁၂၁ |
| ၁၀ | မန္တလေး | ၅၈၁ | ၅၇ | ၅ | - | - | ၁၇၈ | ၅၃ | ၂၃ | ၃၁၆ | ၅၄.၃၉% | ၂၆၅ |
| ၁၁ | မွန် | ၁၇၇ | ၃၇ | ၄ | ၁ | - | ၆၀ | ၂၆ | ၆ | ၁၃၄ | ၇၅.၇၀% | ၄၃ |
| ၁၂ | ရခိုင် | ၈၃ | ၁ | ၁ | - | - | ၁၈ | ၁ | ၄ | ၂၅ | ၃၀.၁၂% | ၅၈ |
| ၁၃ | ရန်ကုန် | ၁၃၉၄ | ၁၇ | ၁ | - | - | ၁ | ၉ | ၅ | ၃၃ | ၂.၃၇% | ၁၃၆၁ |
| ၁၄ | ရှမ်း | ၂၂၅ | ၄၄ | ၃ | ၂ | | ၄၄ | ၃၄ | ၁၀ | ၁၃၇ | ၆၀.၈၉% | ၈၈ |
| ၁၅ | ဧရာဝတီ | ၃၂၅ | ၉ | ၇ | ၂ | - | ၂၀ | ၅၆ | ၆ | ၁၀၀ | ၃၀.၇၆% | ၂၂၅ |
| | စုစုပေါင်း | ၃၇၈၂ | ၂၉၅ | ၄၂ | ၅ | - | ၄၃၂ | ၃၄၂ | ၈၁ | ၁၁၉၇ | ၃၁.၆၅% | ၂၅၈၅ |

**တိုင်ကြားစာများတွင်ပါဝင်ခြင်းမရှိသော်လည်း သီးခြားပြန်လည်စွန့်လွှတ်သည့် မြေကိစ္စများစိစစ်ခြင်း**

၇။ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသည် တိုင်ကြားစာများတွင် ပါဝင်ခြင်းမရှိသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ သီးခြားပြန်လည်စွန့်လွှတ်မည့် မြေကိစ္စများကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်နိုင်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | စုစုပေါင်းစွန့်လွှတ်မြေ | |
|---|---|---|---|
| | | အမှု | ဧက |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန သီးခြားစွန့်လွှတ်ခြင်း | ၈၉၉ | ၁၈၉၁၅၃.၇၇၁ |
| ၂ | အခြားဝန်ကြီးဌာနများမှ သီးခြားစွန့်လွှတ်ခြင်း | ၆၉ | ၂၂၂၉၃.၂၄၄ |
| ၃ | ကုမ္ပဏီအဖွဲ့အစည်းများမှ သီးခြားစွန့်လွှတ်ခြင်း | ၁၁ | ၄၄၅၇၇.၉၀၀ |
| | ***သီးခြား စွန့်လွှတ်မြေပေါင်း*** | ***၉၇၉*** | ***၂၅၆၀၂၄.၉၁၅*** |

**ပြန်လည်စွန့်လွှတ်မည့် စိစစ်ပြီးမြေဧရိယာ**

၈။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် (၂၉-၂-၂၀၁၆)ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် စိစစ်ချက်အရ အစီရင်ခံစာအပိုင်းအသီးသီးပါ မြေကိစ္စများ၌ ပြန်လည်စွန့်လွှတ်မည့် စိစစ်ပြီးမြေဧရိယာများ၊ တိုင်ကြားစာများတွင် ပါဝင်ခြင်းမရှိသော်လည်း သီးခြားပြန်လည်စွန့်လွှတ်မည့်မြေဧရိယာများနှင့် တိုက်ရိုက်တိုင်ကြားစာများအပေါ် စိစစ်ပြီး ပြန်လည်စွန့်လွှတ်မည့် မြေဧရိယာစုစုပေါင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | အစီရင်ခံစာအပိုင်းပါ မြေကိစ္စများတွင် ပြန်လည်စွန့်လွှတ်မည့်မြေ | | | | | | တိုင်ကြားစာများတွင် ပါဝင်ခြင်းမရှိသော်လည်း သီးခြားစွန့်လွှတ်မည့်မြေ | | တိုက်ရိုက်တိုင်ကြားစာများအပေါ် စိစစ်ပြီး စွန့်လွှတ်မည့်မြေ | | စုစုပေါင်း စွန့်လွှတ်မည့်မြေ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အသုံးပြုရန်ထက် ပိုမိုမှုကြောင့် စွန့်လွှတ်မည့်မြေ | | အသုံးမပြု၍ အားလုံး စွန့်လွှတ်မည့်မြေ | | စွန့်လွှတ်မည့် မြေပေါင်း | | | | | | | |
| | | အမှု | ဧက | အမှု | ဧက | အမှု | ဧက | အမှု | ဧက | အမှု | ဧက | အမှု | ဧက |
| ၁ | နေပြည်တော် | ၃ | ၃၀၉.၀၁၀ | ၄ | ၉၅.၅၅၀ | ၇ | ၄၀၄.၅၆၀ | ၇ | ၅၉၂.၆၁၀ | - | - | ၁၄ | ၉၉၇.၁၇၀ |
| ၂ | ကချင် | ၁ | ၁၉.၆၅၀ | ၃ | ၁၈၃.၆၉၀ | ၄ | ၂၀၃.၃၄၀ | ၆၄ | ၄၃၆၈၀.၈၂၀ | - | - | ၆၈ | ၄၃၈၈၅.၁၆၀ |
| ၃ | ကယား | ၄ | ၈၉၁.၆၁၀ | ၂ | ၁၆၄၇.၂၇၀ | ၆ | ၂၅၃၈.၈၈၀ | ၇ | ၁၂၇၄.၀၄၀ | - | - | ၁၃ | ၃၈၁၂.၉၂၀ |
| ၄ | ကရင် | ၇ | ၄၃၁.၀၇၀ | ၆ | ၄၇၈.၂၁၁ | ၁၃ | ၉၀၉.၂၈၁ | ၁၄ | ၁၉၂၅.၄၀၀ | - | - | ၂၇ | ၂၈၃၄.၆၈၁ |
| ၅ | ချင်း | ၁ | ၆၅.၀၀၀ | ၁ | ၁၀.၀၀၀ | ၂ | ၇၅.၀၀၀ | ၁၂ | ၁၉၅၇.၀၄၀ | - | - | ၁၄ | ၂၀၃၂.၀၄၀ |
| ၆ | စစ်ကိုင်း | ၉ | ၂၄၁၈.၈၆၀ | ၁၈ | ၅၄၀၉.၈၅၀ | ၂၇ | ၇၈၂၈.၇၁၀ | ၁၄၃ | ၄၃၅၄၃.၄၃၃ | - | - | ၁၇၀ | ၅၁၃၇၂.၁၄၃ |
| ၇ | တနင်္သာရီ | ၅ | ၁၀၄.၁၀၆ | - | | ၅ | ၁၀၄.၁၀၆ | ၄၅ | ၃၀၆၈.၅၁၆ | - | - | ၅၀ | ၃၁၇၂.၆၂၂ |
| ၈ | ပဲခူး | ၁၆ | ၁၂၉၂၆.၄၁၀ | ၃၆ | ၇၂၈၃.၇၈၀ | ၅၂ | ၂၀၂၁၀.၁၉၀ | ၈၁ | ၁၇၇၁၀.၄၄၈ | - | - | ၁၃၃ | ၃၇၉၂၀.၆၃၈ |
| ၉ | မကွေး | ၂၅ | ၁၈၂၂၂.၀၅၇ | ၁၅ | ၁၁၃.၃၉၀ | ၄၀ | ၁၈၃၃၅.၄၄၇ | ၂၃ | ၄၂၄၃.၁၆၀ | - | - | ၆၃ | ၂၂၅၇၈.၆၀၇ |
| ၁၀ | မန္တလေး | ၂၂ | ၁၄၄၆၃.၂၄၃ | ၂၉ | ၁၀၉၁၇.၃၀၉ | ၅၁ | ၂၅၃၈၀.၅၅၂ | ၂၅ | ၅၈၅၈.၈၀၄ | - | - | ၇၆ | ၃၁၂၃၉.၃၅၆ |
| ၁၁ | မွန် | ၁၀ | ၃၆.၃၅၀ | ၁၃ | ၁၅၉.၀၅၁ | ၂၃ | ၁၉၅.၄၀၁ | ၅၆ | ၁၄၂၀၅.၂၄၃ | ၁ | ၂.၀၀ | ၈၀ | ၁၄၄၀၂.၆၄၄ |
| ၁၂ | ရခိုင် | ၁၂ | ၅၆၀၁.၅၆၀ | ၆၆ | ၆၇၄၁.၉၈၃ | ၇၈ | ၁၂၃၄၃.၅၄၃ | ၁၂၂ | ၁၅၇၅၉.၈၂၀ | - | - | ၂၉၀ | ၂၈၁၀၃.၃၆၃ |
| ၁၃ | ရန်ကုန် | ၆ | ၆၀၇.၆၅၄ | ၃၀ | ၃၄၇၄.၆၆၀ | ၃၆ | ၄၀၈၂.၃၁၄ | ၄၈ | ၃၀၁၇.၇၀၃ | - | - | ၈၄ | ၇၁၀၀.၀၁၇ |
| ၁၄ | ရှမ်း | ၅၃ | ၁၁၄၉၈.၇၈၀ | ၆၉ | ၆၉၇၄.၆၈၉ | ၁၂၂ | ၁၈၄၇၃.၄၆၉ | ၁၂၀ | ၄၅၁၃၄.၉၅၂ | ၂ | ၁၉၅.၀၀ | ၂၄၅ | ၆၃၈၀၃.၄၂၁ |
| ၁၅ | ဧရာဝတီ | ၆၀ | ၂၄၄၄၇.၃၃၀ | ၇၀ | ၁၁၉၅၃.၉၈၃ | ၁၃၀ | ၃၆၄၀၁.၃၁၃ | ၁၂၀ | ၅၄၀၅၁.၉၂၆ | ၂ | ၈.၃၅ | ၂၅၃ | ၉၀၄၆၁.၅၈၉ |
| | စုစုပေါင်း | ၂၃၄ | ၉၂၀၄၂.၆၉၀ | ၃၆၂ | ၅၅၄၄၃.၄၁၆ | ၅၉၆ | ၁၄၇၄၈၆.၁၀၆ | ၉၇၉ | ၂၅၆၀၂၄.၉၁၅ | ၅ | ၂၀၅.၃၅၀ | ၁၅၈၀ | ၄၀၃၇၁၆.၃၇၁ |

**ပြန်လည်စွန့်လွှတ်မည့် စိစစ်ပြီးဖြစ်သည့် မြေဧရိယာများအနက် သက်ဆိုင်သူများသို့ လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ**

၉။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသည် နိုင်ငံတော်မှ ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် မြေလက်ခံရယူသူများသို့ မြေပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာလွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများအနေဖြင့် လယ်ယာမြေဖြစ်ပါက ဥပဒေအရ မြေပိုင်ဆိုင်မှု အထောက်အထားများကို စိစစ်နေစဉ်ကာလအတွင်း ယာယီပုံစံဖြင့် လွှဲပြောင်းပေးအပ်ပြီး အဆိုပါယာယီပုံစံဖြင့် လွှဲပြောင်းပေးအပ်ထားသော လယ်ယာမြေများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးခြင်း၊ စားကျက်ပယ်ဖျက်ပြီးမြေ၊ သစ်တောပယ်ဖျက်ပြီး မြေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်ပါက ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်ပြုပေးခြင်းနှင့် မြို့မြေ၊ ရွာမြေ၊ သာသနာမြေ စသည့် မြေအမျိုးအစားများဖြစ်ပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ မြေဂရန်ထုတ်ပေးခြင်း စသည့် မြေပိုင်ဆိုင်မှုအထောက်အထားတို့ကို အမြန်ထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၀။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ (၂၉-၂-၂၀၁၆) ရက်နေ့အထိ ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | စုစုပေါင်း စွန့်လွှတ်မြေ | | သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း | | | | လွှဲအပ်ရန်ကျန်မြေဧရိယာ(ဧက) |
|---|---|---|---|---|---|---|---|---|
| | | | | စိုက်ပျိုးမြေ ပြန်လည် လွှဲပြောင်းပေးအပ်ခြင်း | | စိုက်ပျိုးမြေ မဟုတ်သော အခြားမြေများကို သက်ဆိုင်ရာသို့ လွှဲပြောင်းခြင်း(ဧက) | စုစုပေါင်း လွှဲပြောင်းပြီး မြေဧရိယာ(ဧက) | |
| | | အမှု | ဧက | တောင်သူ | ဧက | | | |
| ၁ | နေပြည်တော် | ၁၄ | ၉၉၇.၁၇၀ | ၁၁၉ | ၃၁၀.၇၉၀ | ၆၈၆.၃၈၀ | ၉၉၇.၁၇၀ | |
| ၂ | ကချင် | ၆၈ | ၄၃၈၈၅.၁၆၀ | ၁၃၃၄ | ၇၄၀၂.၆၂၀ | ၃၆၄၃၅.၃၅၀ | ၄၃၈၄၇.၉၇၀ | ၃၇.၁၉၀ |
| ၃ | ကယား | ၁၃ | ၃၈၁၂.၉၂၀ | ၉၅၃ | ၂၈၈၇.၈၁၀ | ၆၈၀.၁၁၀ | ၃၅၆၇.၉၂၀ | ၂၄၅.၀၀၀ |
| ၄ | ကရင် | ၂၇ | ၂၈၃၄.၆၈၁ | ၂၂၂ | ၁၆၈၃.၂၅၀ | ၈၁၁.၉၅၁ | ၂၄၉၅.၂၀၁ | ၃၃၉.၄၈၀ |
| ၅ | ချင်း | ၁၄ | ၂၀၃၂.၀၄၀ | ၄၄၅ | ၁၅၃၇.၆၆၁ | ၁၀၇.၁၃၉ | ၁၆၄၄.၈၀၀ | ၃၈၇.၂၄၀ |
| ၆ | စစ်ကိုင်း | ၁၇၀ | ၅၁၃၇၂.၁၄၃ | ၂၉၆၀ | ၂၈၁၀၀.၆၆၀ | ၂၃၂၇၁.၄၈၃ | ၅၁၃၇၂.၁၄၃ | |
| ၇ | တနင်္သာရီ | ၅၀ | ၃၁၇၂.၆၂၂ | ၂၃၉ | ၁၃၄၄.၈၄၀ | ၁၆၀၈.၇၀၆ | ၂၉၅၃.၅၄၆ | ၂၁၉.၀၇၆ |
| ၈ | ပဲခူး | ၁၃၃ | ၃၇၉၂၀.၆၃၈ | ၅၅၆၄ | ၂၈၆၉၈.၀၃၀ | ၈၉၆၅.၁၈၀ | ၃၇၆၆၃.၂၁၀ | ၂၅၇.၄၂၈ |
| ၉ | မကွေး | ၆၃ | ၂၂၅၇၈.၆၀၇ | ၂၇၂၅ | ၉၃၃၇.၆၃၀ | ၁၃၂၄၀.၉၇၇ | ၂၂၅၇၈.၆၀၇ | |
| ၁၀ | မန္တလေး | ၇၆ | ၃၁၂၃၉.၃၅၆ | ၂၈၂၄ | ၁၀၆၈၇.၅၆၄ | ၈၀၂၀.၃၄၂ | ၁၈၇၀၇.၉၀၆ | ၁၂၅၃၁.၄၅၀ |
| ၁၁ | မွန် | ၈၀ | ၁၄၄၀၂.၆၄၄ | ၄၃၇ | ၂၇၃၃.၂၈၀ | ၁၇၀၀.၃၉၁ | ၄၄၃၃.၆၇၁ | ၉၉၆၈.၉၇၃ |
| ၁၂ | ရခိုင် | ၂၉၀ | ၂၈၁၀၃.၃၆၃ | ၄၁၃၅ | ၁၃၅၄၀.၁၆၀ | ၁၄၅၆၃.၂၀၃ | ၂၈၁၀၃.၃၆၃ | |
| ၁၃ | ရန်ကုန် | ၈၄ | ၇၁၀၀.၀၁၇ | ၂၈၈ | ၂၇၇၂.၁၇၀ | ၂၇၇၀.၇၅၀ | ၅၅၄၂.၉၂၀ | ၁၅၅၇.၀၉၇ |
| ၁၄ | ရှမ်း | ၂၄၅ | ၆၃၈၀၃.၄၂၁ | ၅၅၅၈ | ၂၀၀၂၉.၉၄၉ | ၄၃၃၉၆.၅၉၂ | ၆၃၄၂၆.၅၄၁ | ၃၇၆.၈၈၀ |
| ၁၅ | ဧရာဝတီ | ၂၅၃ | ၉၀၄၆၁.၅၈၉ | ၉၈၀၂ | ၇၆၈၆၀.၄၀၄ | ၁၀၄၃၅.၁၈၅ | ၈၇၂၉၅.၅၈၉ | ၃၁၆၆.၀၀၀ |
| | စုစုပေါင်း | ၁၅၈၀ | ၄၀၃၇၁၆.၃၇၁ | ၃၇၆၀၅ | ၂၀၇၉၃၆.၈၁၈ | ၁၆၆၆၉၃.၇၃၉ | ၃၇၄၆၃၀.၅၅၇ | ၂၉၀၈၅.၈၁၄ |

၁၁။ သို့ပါ၍ မြေသိမ်းဆည်းခံရ၍ အမှန်တကယ် နစ်နာသူပြည်သူများအနေဖြင့် မိမိတို့သိမ်းဆည်းခံခဲ့ရသည့် မြေများသည် ပြန်လည်စွန့်လွှတ်သော မြေများတွင်ပါဝင်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများတွင်စုံစမ်းပြီး ပြန်လည်စွန့်လွှတ်မြေများတွင် ပါဝင်ပါက သက်ဆိုင်ရာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများထံမှ မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာလွှဲပြောင်းရယူကြရန်ဖြစ်ပါသည်။

၁၂။ မြေကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ဘဝင်မကျမှုများရှိ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသို့ ပေးပို့ခဲ့သော အကြံပြုချက်များကိုလည်း အလေးထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်စိစစ်ရရှိလာသော စွန့်လွှတ်မြေများကိုလည်း သက်ဆိုင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ**

# မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းအတွင်း မီးလောင်

**ရန်ကုန် မတ် ၁၆**

မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် ဘုရင့်နောင်လမ်း ဘုရင့်နောင်ယာဉ် အပိုပစ္စည်းရောင်းဝယ်ရေးနှင့် စက်ကိရိယာရောင်းဝယ်ရေးစခန်းအတွင်း ယနေ့နံနက် ၉ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရောင်းဝယ်ရေးစခန်းအတွင်းရှိ ရုံကြီး အမှတ်(၁၄) ၏ ၃၂ ခန်းတွဲ နှစ်ထပ်ဆိုင်ခန်းများမှ ဆိုင်ခန်းအမှတ် ၂၉/၃၀ ပိုင်ရှင် ဒေါ်ခင်မြင့်၊ ဆိုင်ငှား ဦးမျိုးမြင့်လွင်၏ကောင်းသုခ (ဒိုင်နမိုမော်တာပြုပြင်ရေး) ဆိုင်ခန်းမှ စတင်မီးလောင်ရခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့၏ သတင်းထုတ်ပြန်မှုအရ သိရသည်။

မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဌေးဝင်းက "ဈေးဝင်းအတွင်း လျှပ်စစ်ခါတ်အားလွှတ်ပြီး မကြာခင်မှာပဲ ဈေးဝန်ထမ်းတွေက ဈေးရုံအတွင်း လှည့်လည်စစ်ဆေးရာမှ မီးလောင်မှုကို စတင်သိရပါတယ်" ဟု ဆိုသည်။

ရုံအမှတ်(၄၀) တာယာရောင်းဝယ်ရေးဆိုင်မှ ဦးခင်မြင့်က "ဈေးထဲကို ကျွန်တော် နံနက် ၈ နာရီ ကျော်ကတည်းကရောက်တာ။ မီးခိုးတွေ အပေါ်ကို လိုမ့်တက်လာတယ်။ အောက်ထပ်မှာလည်း မီးတောက်တွေ တွေ့ရတယ်" ဟု ဆိုသည်။

မီးလောင်သည့် ဈေးရုံပတ်ပတ်လည်တွင် သံပန်းများဖြင့် အသေပိတ်တပ်ဆင်ထားသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝိုင်းဝန်းငြိမ်းသတ်ပေးသည့် တပ်မတော်သားများကလည်း လှေကားများမှတစ်ဆင့် အပေါ်ထပ်သံပန်းများအကြားမှ ခက်ခက်ခဲခဲ ငြိမ်းသတ်ပေးနေရသည်။ **(ယာပုံ)** တပ်ဆင်ထားသော သံပန်းများကို မီးသတ်တပ်ဖွဲ့ဝင်များက သံဖြတ်ကတ်ကြေးများဖြင့် ပင်ပန်းကြီးစွာ ဖြတ်တောက်နေခဲ့ကြရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက "အပေါ်ထပ်အခန်းတိုင်းမှာ သံပန်းတွေက ပတ်လည်ကာထားတဲ့အတွက် မီးငြိမ်းသတ်ရတဲ့ အချိန်တွေ အများကြီးပေးခဲ့ရပါတယ်" ဟု ပြောသည်။

မီးလောင်မှု အကြောင်းအရင်းကို ဆက်သွယ်မေးမြန်းကြည့်ရာ စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သော မြို့နယ်စုံမှ မီးငြိမ်းသတ်ရေးယာဉ် ၃၉ စီး၊ ရေသယ်ယာဉ် ကိုးစီး၊ လှေကားတပ်ယာဉ်နှစ်စီး၊ အထောက်အကူပြု ယာဉ်နှစ်စီး၊ မိတ်ဖက်ယာဉ်များနှင့်အတူ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၄၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇၀ ကျော်နှင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ဈေးသူဈေးသားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးလောင်အားကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ထိန်းနိုင်ခဲ့ပြီး နံနက်၁၀နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဆိုင်ငှားဖြစ်သူ ဦးမျိုးမြင့်လွင်ကို ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# မကွေးမြို့ ညောင်ပင်သာကျေးရွာ၌ မီးလောင်မှုဖြစ်

**မကွေး မတ် ၁၆**

မကွေးမြို့ ကန်သာကြီးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ယနေ့ မွန်းလွဲ ၁ နာရီခန့်က အိမ်ရှင် ဦးကျော်အောင်၏နေအိမ်တွင် ဇနီးဖြစ်သူ ဒေါ်မာဝင်းကသုံးစွဲပြီး ပြာပူများကို နွားတင်းကုပ်အတွင်း ထည့်ခဲ့ရာ မီးခဲပါရှိသွားပြီး ထန်းလက်အကာသို့ကူးစက်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် သွပ်မိုးတိုက်ခံနေအိမ် ၁၂ လုံး၊ သွပ်မိုးပျဉ်ထောင် နေအိမ်အလုံး ၄၀၊ ထရံကာ သက်ငယ်မိုးနေအိမ် ၁၃၀ လုံး စုစုပေါင်း ၁၈၂ လုံး မီးလောင်ကျွမ်းခဲ့ပြီး လူနှင့်တိရစ္ဆာန် ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**



# ဆိုလာပြားဖြင့် ဘက်ထရီအားသွင်းရာမှ မီးလောင်မှုဖြစ်ပွား

**သာစည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့အရှေ့ဘက် လေးမိုင်ခန့်ဝေးသည့် ငှက်မင်းကုန်းကျေးရွာ ဒေါ်တင်မြနေအိမ်၌ ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ဆိုလာပြားဖြင့် ဘက်ထရီအားသွင်းရာမှ မီးလောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး မောင်မောင်ဝေနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်လေးစီးဖြင့် ကျေးရွာလူထုနှင့်ပူးပေါင်းမီးငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အချိန်မီ မီးငြိမ်းသတ်နိုင်မှုကြောင့် ဒေါ်တင်မြ၏ အိမ်တစ်လုံးသာ မီးလောင်ကျွမ်းခဲ့ရပြီး အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဒေါ်တင်မြကို မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မောင်ကို(သာစည်)**

**ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ**

# သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးရှော့ခ်ဖြစ် လောင်ကျွမ်း

**နောင်ချို မတ် ၁၆**

နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု ရေမောင်းတန်းကျေးရွာ၌ မတ် ၁၄ ရက် ည ၇ နာရီက အိမ်ရှင် ဦးတေဇ နေအိမ်အပေါ်သို့ သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးရှော့ခ်ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ နောင်ချိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်နှစ်စီးနှင့် ကျေးရွာပြည်သူများ စုပေါင်းဝိုင်းဝန်းငြိမ်းသတ်ကြရာ ၁၀ မိနစ်အတွင်း အခြားနေအိမ်များသို့ မီးကူးစက်ခြင်းမရှိဘဲ မီးကိုထိန်းချုပ်နိုင်ခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ခြင်းမရှိကြောင်း၊ မီးပေ့ါဆစွာသုံးစွဲသူ အိမ်ရှင် ဦးတေဇအား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ဖောကားအရှိန်လွန်တိမ်းမှောက် အမျိုးသားတစ်ဦးသေဆုံး

**ကံမ မတ် ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် မုန်းဒါးကျေးရွာအနီး မတ် ၁၅ ရက် ည ၁၂ နာရီခန့်က ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ရာ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၅ ရက် ည ၁၂ နာရီခန့်က ပြည်-ဥသျှစ်ပင်-ပုသိမ်-မုံရွာကားလမ်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကံမမြို့နယ် ရေနံ့သာရဲကင်းစခန်းမှူး ရဲအုပ်ဝင်းအောင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ယင်းလမ်းအတိုင်း ရွာသာလှကျေးရွာဘက်မှ မုန်းဒါးကျေးရွာဘက်သို့ သူရိန် (၃၄ နှစ်) နဝင်းကျောက်တိုင်ရပ်ပြည်မြို့နေသူ မောင်းနှင်ပြီး ဇော်မြင့်ဦး(ခ) ကုလား ကွင်းလှကျေးရွာ ပြည်မြို့နယ်နေသူနှင့် ဖိုးသဲ(ခ) သိန်းထိုက် မီးရထားဝင်း ရွှေဆံတော်နယ်မြေ ပြည်မြို့နေသူတို့ လိုက်ပါလာသည့် ၉၅/----- ဖောကားသည် မုန်းဒါးကျေးရွာအနီး တောင်အဆင်းလမ်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့ရာ ဇော်မြင့်ဦး(ခ) ကုလားမှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

ဖိုးသဲ (ခ) သိန်းထိုက်တွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သူရိန်ကို ကံမမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၁၇-၃-၂၀၁၆(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၀ - မိုးညှင်းသမ္ဗုဒ္ဓေ
- ၇း၃၅ - အနုပညာသတင်း အစီအစဉ်
- ၈း၃၅ - မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၉း၄၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၉း၅၅ - ASEAN Sport Light
- ၁၀း၃၅ - အလုပ်အကိုင် အခွင့်အလမ်းအစီအစဉ်
- ၁၁း၁၅ - **သူ** ကို ပြန်လည်ပုံဖော်ခြင်း
- ၁၄ း ၃၅ - ဘ၀ထဲက ၀တ္ထု၊ ၀တ္ထုထဲကဘ၀ **ယတြာ**

**ညပိုင်း**

- ၁၅ း ၃၅ - အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေး၏ ကျောက်ကပ်အစားထိုး ကုသခြင်းအောင်မြင်မှုများ
- ၁၆ း ၃၅ - Football Magazine (ရှမ်းယူနိုက်တက်အသင်း)
- ၁၇ း ၁၅ - Weekly Sport Info
- ၁၉ း ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၂၄)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း၊
- ၂၀ း ၃၅ - **လူငယ်လူရွယ်များ ကျန်းမာဖွံ့ဖြိုးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**
- ၂၁ း ၀၀ - ပြည်တွင်းသတင်း
- လွှတ်တော်ရေးရာ အဖြာဖြာ
- နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ** (အပိုင်း-၁၄)
- ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# မြဝတီ-ကော့ကရိတ် အာရှလမ်းသစ် ရင်ကွဲတောင်ကုန်းအဆင်း ယာဉ်တိမ်းမှောက်

**သဃ်န်းညီနောင် မတ် ၁၆**

ကရင်ပြည်နယ် သဃ်န်းညီနောင်နယ်မြေရဲစခန်းအပိုင် အပြင်ကွင်းကလေး ကျေးရွာအနီး ရင်ကွဲတောင်စခန်းအဆင်း(ကွမ်းခြံဘက်) မိုင်တိုင်အမှတ်(၁၅၈)တွင် မတ် ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ကော့ကရိတ်မြို့ဘက်မှ မြဝတီမြို့ဘက်သို့ မောင်းနှင်လာသော ကားတစ်စီးအရှိန်လွန်ပြီး တိမ်းမှောက်မှု တစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေသူ မောင်ကျော်ဌေး(၃၅နှစ်)သည် ညီဖြစ်သူနှင့်အတူ ရန်ကုန်မြို့မှ မြဝတီမြို့သို့လာခဲ့ရာ ကော့ကရိတ်-မြဝတီ အာရှလမ်းသစ် ရင်ကွဲတောင်ထိပ်(၁၅၈)မိုင်အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းနယ်ကျွံကာ လမ်း၏ဝဲဘက်ခြမ်းသို့ လည်ထွက်သွားပြီး ယာဉ်မောင်းဘေးတံခါး ပွင့်ထွက်သွားကာ ကားဦးခေါင်းမှာ ကော့ကရိတ်ဘက်သို့ ပြန်လှည့်၍ ယာဉ်မောင်းသူမှာ လမ်းပေါ်သို့ လွင့်စဉ်ပြုတ်ကျပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။



အဆိုပါယာဉ်မှာ ယာဉ်အမှတ် YGN 5K/---နံပါတ်တပ်ဆင်ထားသော ယာဉ်တစ်စီးဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ စစ်ဆေးချက်အရ သေဆုံးသူ ယာဉ်မောင်းမှာ အရက်သေစာသောက်စားခြင်း မရှိသော်လည်း ယာဉ်မောင်းလိုင်စင်မရှိကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါယာဉ်တိမ်းမှောက်မှုကို မြဝတီခရိုင် သဃ်န်းညီနောင်ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# အမျိုးသမီးတစ်ဦးအား သတ်ဖြတ်၍ ရွှေထည်များ လုယူသူကို ဖမ်းမိ

**ကသာ မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် နွယ်နီကျေးရွာအနီး ကြံခင်းတောအတွင်း၌ မတ် ၁၁ ရက်က ဒေါ်ပွေးဆိုသူအား သတ်ဖြတ်သည့်သူကို မတ် ၁၅ ရက်က ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူ ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်မြင့်နှင့် တပ်ဖွဲ့ဝင်များသည် နွယ်နီကျေးရွာနေ မသက်သာသူ ကိုလင်း(ခ) ကျော်လင်းထွန်းအား ဖမ်းဆီးစစ်မေးရာ ၎င်းမှ မတ် ၁၁ ရက် ည ၈ နာရီခွဲက သေဆုံးသူ ဒေါ်ပွေးအိမ်သို့ တစ်ဦးတည်းသွားရောက်စဉ် ဒေါ်ပွေးမှာ နေအိမ်ရှေ့တွင် တီဗွီကြည့်နေ၍ တိတ်တဆိတ်ချဉ်းကပ်ကာ အသင့်ပါလာသော ဓားမြှောင်ဖြင့် လည်ပင်းအားထိုးပြီး၊ ဓားမြှောင်ဖြင့် ၁၀ ချက်ခန့် ထပ်မံထိုးခဲ့ကြောင်း သိရသည်။

ဒေါ်ပွေး ငြိမ်သွားသောအခါ အိမ်ရှေ့ခန်းရှိသေတ္တာအား ဓားဖြင့်ကန့်လန့်ဖွင့်ကာ ဆန္ဒင်းမကင်းပုံကျောက်ဖြူဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်နီကိုးလုံးပါ ဘယက်တစ်ခု၊ ကြံဆစ်လက်ကောက် ၁၀ကွင်း၊ ပွတ်လုံးလက်ကောက်နှစ်ကွင်း၊ ဒင်္ဂါးပုံဆွဲပြားတစ်ခု၊ ကလေးဝတ်မောင်းကွင်းလက်စွပ်တစ်ကွင်း၊ ကျောက်နီခုနစ်ပွင့်ပါလက်စွပ်တစ်ကွင်း၊ ကျောက်နီလေးပွင့်နှင့် ကျောက်ဖြူများစီထားသော လက်ကောက်တစ်ကွင်းတို့အား ယူသွားသည်။

ထို့နောက် ယင်းပစ္စည်းများကို နွယ်နီကျေးရွာရှိ ကိုလင်းဆိုသူ၏ နေအိမ်ခြံစည်းရိုးနှင့် မသင်းသင်းအောင်၏နေအိမ် ခြံစည်းရိုးချိုပုတ်ကြားတွင် ဝှက်ထားရာမှ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် နွယ်နီကျေးရွာအနီး ကြံခင်းတောအတွင်းနေသူ ဒေါ်ပွေး (၅၂နှစ်)အား မတ် ၁၁ ရက်ညက သတ်ဖြတ်ပြီးပစ္စည်းဖောက်ထွင်းယူသွားသော ပြစ်မှုကျူးလွန်သူ ကိုလင်း(ခ)ကျော်လင်းထွန်း(၁၈နှစ်)နှင့်အတူ သက်သေခံပစ္စည်းများဖြစ်သည့် အရိုးအသွား ၁၀ လက်မခန့်ရှိ ဝါးရိုးတပ် ဓားမြှောင်တစ်ချောင်းကို သိမ်းဆည်းကာ ကသာမြို့မရဲစခန်းက ဖမ်းဆီးအရေး ယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း-လှအောင်(ကသာ)၊**
**ဓာတ်ပုံ-ငွေအိုး(ကသာ)**

# ဒေသန္တရလုပ်မိုင်း နင်းမိ၍ ရွာသားတစ်ဦး ဒဏ်ရာများရရှိ

**ကမမောင်း မတ် ၁၆**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ ဘောကျို့လယ်ကျေးရွာ သဲဖြူချောင်းအနီး၌ မတ် ၁၆ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ဘောကျို့လယ်ကျေးရွာနေ ဦးဖားခယ်(ခ)ဦးဩဘာ အသက် (၄၀နှစ်)သည် တောင်ယာလုပ်ငန်းအတွက် အလုပ်သွားစဉ် ဒေသန္တရလုပ်မိုင်း နင်းမိခဲ့ရာ ဦးဖားခယ်(ခ)ဦးဩဘာမှာ မိုင်းစမှန်ဒဏ်ရာများရရှိပြီး (မစိုးရိမ်ရ) ကမမောင်းပြည်သူ့ဆေးရုံသို့ နံနက် ၁၁ နာရီအချိန်တွင်ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ရေလုပ်သားချင်းရန်ဖြစ်ရာမှ တစ်ဦးသေဆုံး

ကျွန်းစုမြို့နယ် ကဘင်ကျေးရွာအုပ်စု သဲအော်ကျေးရွာတွင် မတ် ၁၄ ရက် ည ၇ နာရီက ကျားပါးစပ်အလုပ်သမားအချင်းချင်း စကားများရန်ဖြစ်၍ ထိုးကြိတ်ရာမှ ဒဏ်ရာရရှိကာ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သဲအော်ကျေးရွာနေ အလုပ်သမား ဦးအာလူး(ခ)ဦးရဲမြင့်ထွန်း အသက်(၄၄နှစ်)သည် အရက်မူးကာ လှေပေါ်သို့တက်စဉ် လုံချည်ရေစိုသွားသည့် ကိစ္စနှင့်ပတ်သက်၍ အခြားအလုပ်သမားများဖြစ်ကြသော တစ်ရွာတည်းနေ ဌေးနိုင်(ခ)လှဌေး၊ ကုလား(ခ) မျိုးမင်းတို့နှင့် စကားများရန်ဖြစ်ကြသည်။ အပြန်အလှန်ထိုးကြိတ်ကြပြီး ဦးအာလူးမှာ လှေပေါ်တွင် လဲကျသွားစဉ် ဌေးနိုင်မှ လှေပေါ်ရှိ အရှည်သုံးပေခန့်ရှိသော မျောလုံးဖြင့် ရိုက်လိုက်ရာ ဦးအာလူးမှာ ဒဏ်ရာများရရှိ၍ စခန်းသစ်တိုက်နယ်ဆေးရုံတွင် မတ် ၁၅ ရက် ည ၇ နာရီက ရရှိသောဒဏ်ရာကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### သစ်ပင်ဖြတ်လှဲစဉ် ထင်းကောက်သူပိမိသေဆုံး

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မတ် ၁၄ ရက် ညနေ ၆ နာရီခွဲခန့်က တောင်စွန်းကျေးရွာအုပ်စု မုနိုင်းကျေးရွာမှ လူတစ်ဦးသစ်ပင်ပိ၍ သေဆုံးသွားကြောင်းသိရ၍ ရဲအုပ်မောင်ဇော်အောင် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးအောင်မြင့်သောင်း အသက်(၄၇နှစ်) မုနိုင်းကျေးရွာမှ သစ်စက်လုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း သိရသည်။

၎င်းတို့နှင့်အတူ အလုပ်သမားငါးဦးတို့ ဦးပန်းကြိုင်ရော်ဘာခြံတွင် နှစ်ချို့ရော်ဘာပင်များကို ဖြတ်လှဲနေစဉ် ဦးအောင်မြင့်သောင်းမှာ ထင်းကောက်ရန်တက်လာပြီး ဖြတ်တောက်သည့်သစ်ပင်လဲ၍ သစ်ကိုင်းများနှင့် ရိုက်မိသည့်အရှိန်ဖြင့် လဲကျကာ ကျောက်ခဲဖြင့်ဆောင့်မိ၍ ဦးခေါင်းကွဲကြေဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သုံးခွတွင် လူတစ်ဦးရေနစ်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၅)ရပ်ကွက် ပြည်တော်သာဆန်စက်ရေကန်တွင် မတ် ၁၅ ရက် ညနေ ၃ နာရီခွဲက အမျိုးသားတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းရရှိသဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုထွေးနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကိုနိုင်လင်း (၂၇နှစ်) ဒေါနလမ်း (၅) ရပ်ကွက်နေသူဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ဂက်စ်မီးခြစ်ပေါက်ကွဲ၍ အိမ်မီးလောင်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နှင့် မိုင် ၂၀ ခန့် ဝေးသည့် ပေကုန်းအုပ်စု ရုံးတိုင်မြောင်ကျေးရွာနေ ဦးဘိုကြည်(၆၀နှစ်) တောင်သူပိုင်၏ နေအိမ်မီးဖိုအနီးရှိ ဂတ်စ်မီးခြစ်ပေါက်ကွဲရာမှ မတ် ၁၅ ရက် ညနေ ၄ နာရီခွဲခန့်က နေအိမ်ထရံကာကို မီးစွဲလောင်ခဲ့သဖြင့် နေအိမ်ဝိုင်းအတွင်းရှိ မြေစိုက်သုံးပင်အိမ်နှင့် နွားတင်းကုပ်တစ်လုံး၊ အိမ်ချင်းကပ်နေထိုင်သည့် ဒေါ်တင်နွဲ့၏နေအိမ်နှင့် နွားတင်းကုပ်တစ်လုံးတို့ကို မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ တောင်တွင်းကြီးမြို့ မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဘိုကြည်ကို မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **နိုင်ဝင်း(တောင်တွင်းကြီး)**


**ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားဖိတ်ကြားခြင်း**

၂၀၁၆ခုနှစ် မတ်၂၃ရက်တွင် ကျရောက်မည့် (၆၆)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့၊ ကမ္ဘာအေး၌ ၂၁-၃-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အငြိမ်းစား အရာထမ်း၊ အမှုထမ်းများအား မပျက်မကွက် ကြွရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**

**ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး၃၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁) ဦးပိုင် အမှတ်(၈/၃) ဂရန်ပျောက်ဆုံးကြောင်း**

**ကြေညာခြင်း**

ပဲခူးမြို့၊ ဥဿာမြို့၊ ရပ်ကွက်ကြီး၃၊ မြေတိုင်းရပ်ကွက် အမှတ်၁၁၊ ဦးပိုင်အမှတ် (၈/၃) ဧရိယာ ၀.၁၁၄၈၄၄ဧကရှိမြေကွက်သည် ပဲခူးခရိုင် မြို့မြေမှုအမှတ် ၃၀၈/ V/၁၉၉၁-၉၂အရ ၇-၁၀-၁၉၉၁မှ ၆-၁၀-၂၀၂၁အထိ ဒေါ်မြသန်း၏ ကွယ်လွန် သူခင်ပွန်း ဦးဖေဝင်းအမည်ဖြင့် ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အတွက် ထုတ်ပေးထားသောဂရန်မှာ ပျောက်ဆုံးနေပါသဖြင့် သက်ဆိုင်ရာရုံးအသီးသီးတွင် ဂရန်ပြန်လည်ထုတ်ပေးပါမည့်အကြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ချိုမြင့် ၉/မနမ(နိုင်)၀၉၄၂၇၄**

**အမှတ် U /31၊ မြကန်သာလမ်း၊ ၄ရပ်ကွက်၊ လှိုင်မြို့နယ်။**

**အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၁၆/၂၀၁၃အရ**

**ဒေါ်မြသန်း၏ အထူးကိုယ်စားလှယ်**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဝင်းအေး ၈/အလန(နိုင်) ၂၀၅၂၆၀၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **မဝင်းအေး**

**ဖုန်း-၀၉၂၆၂၉၂၉၇၈၄**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မနွယ်နီမြင့် ၈/မဘန(နိုင်) ၀၆၀၇၉၂၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **မနွယ်နီမြင့်**

**ဖုန်း-၀၉-၉၇၆၄၆၀၀၀၉**

**စပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်မည့်**

Royal Thukha CONDOMINIUM

**လစဉ် (ဂသိန်း) ခန့်သာ**

**လှိုင် ယာဉ်ရပ်နားစခန်းနှင့် MICT Park အနီး**

DEVELOPED BY iGREEN

**(၁၀) ခန်းသာရောင်းမည်။**

19,20,21 Mar-2016 တပ်မတော်ခန်းမတွင် ရောင်းချပေးသွားမည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)တွင် အသုံးပြုရန်အတွက် လိုအပ်သော ဗို့အားမြင့်လျှပ်စစ်ပစ္စည်း ခြောက်မျိုးကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၄-၃-၂၀၁၆ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ထမံသီစံပြကျေးရွာနေ ဦးစိုင်းကျော်အေး၏သမီး မမွေးလွန်းဖောင်အား မနန်းမြတ်သဇင်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနန်းမြတ်သဇင်ကို**

**အမည်ပြောင်း**

မော်လမြိုင်မြို့၊ အမှတ်၈၈၀၊ ကျိုက္ခမီလမ်း၊ ကြာအင်းကျေးရွာနေ ဦးလှဝင်းခိုင်၏သမီး မသဇင်အေးအား မဝတ်ရည်နှင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဝတ်ရည်နှင်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မင်းအောင်၁၀/မဒန(နိုင်)၁၃၅၄၁၅၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

# Junior Sports Academy သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေးပြည့်ဝသည့် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားဝန်ကြီးဌာန၏ Junior Sports Academy သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ တည်ဆောက်ပြီး အားကစားတက္ကသိုလ်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆက်လက်၍ သင်တန်းဖွင့်ပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ အစီအစဉ်အရ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တည်ဆောက်ပြီးစီးသော အားကစားတက္ကသိုလ်ကြီး တည်ဆောက်ရခြင်း ရည်ရွယ်ချက်များနှင့် အားကစားတက္ကသိုလ်နှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနခွဲ ညွှန်ကြားရေးမှူးက Junior Sports Academy သင်တန်းအား သင်တန်းကာလ သုံးနှစ် သတ်မှတ်ထားပါကြောင်း၊ ပထမနှစ် ၂၀၁၆ ပညာသင်နှစ်တွင် မတ် ၁၆ ရက်မှ ဇူလိုင် ၁၆ ရက်ထိ ပထမလေးလ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အားကစားနည်း ခုနစ်မျိုး၊ ဇူလိုင် ၁၈ မှ ဒီဇင်ဘာ ၂ ရက်ထိ ဒုတိယငါးလ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အားကစားနည်း ကိုးမျိုး နှစ်ပိုင်းခွဲ၍ စာတွေ့ ၆၀ ရာခိုင်နှုန်း၊ လက်တွေ့ ၄၀ ရာခိုင်နှုန်း သင်ကြားပို့ချ၍လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဒုတိယစာသင်နှစ် ပထမ လေးလတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာနှင့် အားကစားနည်းကိုးမျိုး ၊ ဒုတိယလေးလတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာနှင့် အားကစားနည်း ခုနစ်မျိုးကို စာတွေ့ ၅၀ ရာခိုင်နှုန်း၊ လက်တွေ့ ၅၀ ရာခိုင်နှုန်း သင်ကြားပို့ချ၍ လည်းကောင်း၊ ၂၀၁၈ တတိယစာသင်နှစ်၌ ပထမ လေးလတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာနှင့် အားကစားနည်း ခုနစ်နည်းကိုလည်းကောင်း၊ ဒုတိယ လေးလတွင် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာနှင့် အားကစားနည်း ကိုးနည်းအား စာတွေ့ ၄၀ ရာခိုင်နှုန်း၊ လက်တွေ့ ၆၀ ရာခိုင်နှုန်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူးက သင်တန်းတက်ရောက်မည့် သင်တန်းသား/သူများမှာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းလေးကျောင်းမှ အားကစားထူးချွန်သော ပညာသင်ဆဲ (B) အဆင့်သတ်မှတ်ထားသည့် လူငယ်လက်ရွေးစင် အခြေခံပညာအထက်တန်း အဆင့်ရှိ ၆၃ ဦးနှင့် အားကစားဝန်ကြီးဌာနမှ နည်းပြနည်းစနစ်မှူး ၃၇ ဦး စုစုပေါင်း ၁၀၀ ဖြစ်ပြီး စုစုပေါင်း အားကစားနည်း ၁၈မျိုးအား စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက အားကစားထူးချွန်သူများအား နိုင်ငံတကာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေပြီး အားကစားမှူးများ နည်းပြနည်းစနစ်မှူးများအနေဖြင့် အရည်အချင်းအလိုက် ခန့်အပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လိုအပ်ချက်များအား ဖြည့်စွက်အကြံပြု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာအားကစားကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းစေရေးအတွက် ရေရှည်စီမံချက်များပြု၍ အားကစားတက္ကသိုလ်ကို တည်ဆောက်ခဲ့ပါကြောင်း၊ တက္ကသိုလ်တွင် ရန်ကုန်နှင့် မန္တလေး၌ ပညာသင်ကြားလျက် ရှိသော B.Sc(Sports) ကျောင်းသား/သူများ၊ အားကစားထူးချွန်သော လူငယ်များအနေဖြင့် Junior Sports Academy သင်တန်းများတွင် ဝင်ရောက် ပညာသင်ကြားနိုင်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းသည် နိုင်ငံတကာ အားကစားလောကနှင့် ရင်ပေါင်တန်းပြီး အားကစားနည်းစနစ်များကို စာတွေ့သင်ကြားနိုင်ပြီး လက်တွေ့လေ့ကျင့်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာအားကစားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကြောင်းပြောကြားကာ သင်တန်းအားဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် Junior Sports Academy သင်တန်း၌ ဆေးပညာဘာသာရပ်လက်တွေ့ပို့ချနေမှု၊ ဝူရှူးနှင့် အလေးမအားကစားနည်း လက်တွေ့သင်ကြား လေ့ကျင့်နေမှု၊ ပြေးခုန်ပစ်နှင့် Strength Training ဘာသာရပ် စာတွေ့လေ့ကျင့်နေမှုနှင့် တိုက်ကွမ်ဒိုနှင့် ဂျူဒိုအားကစားနည်းများ လက်တွေ့လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

## အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကျင်းပမည့် ၂၀၁၆ ခုနှစ်အမျိုးသားတံခွန်စိုက် (National Championship)တင်းနစ်ပြိုင်ပွဲကို မတ် ၁၉ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသားအမျိုးသမီး နှစ်ယောက်တွဲ၊ အမျိုးသား ၃၅ နှစ်နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား ၄၅ နှစ်နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား ၅၅ နှစ်နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အသက် ၆၀ နှင့်အထက် တစ်ဦးချင်း နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် နှစ်ယောက်တွဲအသက်ပေါင်း ၁၃၀ ပြည့်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး မြန်မာပြည်တံခွန်စိုက် ပြိုင်ပွဲကို မတ် ၂၇ ရက်မှ ၃၁ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## နွေရာသီ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်သင်တန်းအမှတ်စဉ် (၈) သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁၆**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့တို့ကြီးမှူး ဖွင့်လှစ်မည်ဖြစ်သော နွေရာသီ ဂေါက်သီးရိုက်သင်တန်း အမှတ်စဉ် (၈)ဖွင့်ပွဲကို မတ် ၂၁ ရက်မှ ၂၈ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ National Golf Rang အမျိုးသားအားကစားလေ့ကျင့်ရေးကွင်း သုဝဏ္ဏအားကစားဥယျာဉ် ရန်ကုန်၌ ဖွင့်လှစ်မည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ အသက် ၁၀ နှစ်မှ ၁၈ နှစ်ထိ အမျိုးသား/ အမျိုးသမီး လူငယ်များတက်ရောက်နိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

"သင်္ကြန်ကာလထိုင်းအထူးခရီးစဉ်(ထွက်ခွာမည့်ရက် ဧပြီ ၉၊ ၁၂၊ ၁၄)"
(၁) ရန်ကုန်-ဘန်ကောက်-ပတ္တရား (၅ည-၆ရက်) US -550
(၂) ရန်ကုန်-ဘန်ကောက် (၂ည-၃ရက်) US-400
Best Care Travel Myanmar
A-002, Landmark Tower, Shwegon Plaza Compound, Shwe Gon Daing, Bahan Township,
Yangon. Phone 09-43085738, 09- 43202858, 01-559160, 01-552590, 01-552587,
"သင်္ကြန်မဟုတ်သောကာလများအတွက် Customer များစိတ်တိုင်းကျ မိသားစုအထူးခရီးစဉ်များကို သီးသန့်ညှိနှိုင်းတိုင်ပင်ရေးဆွဲ ပို့ဆောင်ပေးပါသည်။"

အတိုးပေးရန်မလို
၁၀နှစ် ငွေချေစနစ်
မြကန်သာ Condominium
လစဉ် (ခြောက်သိန်း) ခန့်သာ
ကျိုက် ISM ကျောင်းနှင့် သီရိမင်္ဂလာဈေးအနီး
DEVELOPED BY iGREEN
(၁၀) ခန်းသာရောင်းမည်။
19,20,21 Mar-2016
တပ်မတော်ခန်းမတွင်
ရောင်းချပေးသွားမည်။

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၃၅၈၊ ၁၃၅၉အား အမည်ပေါက် ဒေါ်ခင်စန်းနွဲ့ (ခ)ဒေါ်နွဲ့လေးဦး ၁၂/ဗတထ(နိုင်)၀၁၇၅၆၀က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက် မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ပျောက်ဆုံးကြောင်း
ဦးဒေးဗစ်လျန်(ဘ)ဦးမိုက်ဒင်ထန်း၏ မြန်မာနိုင်ငံကူးလက်မှတ် MB ၅၁၀၈၆၆သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၅၈၇၅၈၃

အမည်မှန်
အဖ ဦးသန်းဇော်(HBI ၀၀၁၁၇၁) ၏ သမီးဖြစ်သူ မအေးဘယ်ဖြိုးလှိုင် ၏အမည် မှန်မှာ မအေးပရယ်ဖြိုးလှိုင် ဖြစ်ပါသည်။
မအေးပရယ်ဖြိုးလှိုင်

KBZSC
KBZSC ငွေချေးသက်သေခံကုမ္ပဏီမှ စတော့ရှယ်ယာ ရောင်းဝယ်လိုသူများအား ဖိတ်ခေါ်ခြင်း။
၁။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ရန်ကုန်စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာ ရောင်းဝယ်မှုများကို ၂၀၁၆ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် စတင်ဆောင်ရွက်တော့မည်ဖြစ်ရာ ရှေးဦးစွာ FMI ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာများကို စတင်ရောင်းချစေမည်ဖြစ်ပြီး၊ နောင်တွင် အခြားသောစာရင်းဝင် အများပိုင်ကုမ္ပဏီများ၏ အစုရှယ်ယာများကိုလည်း ရောင်းချခွင့်ပြုရန် စီစဉ်ထားလျက်ရှိပါသည်။
၂။ သို့ဖြစ်ပါ၍ စတော့ရှယ်ယာ အရောင်းအဝယ်ပြုလုပ်ရန်အတွက် KBZSC ငွေချေးသက်သေခံလက် မှတ်ကုမ္ပဏီ၌ Securities Trading Account လာရောက်ဖွင့်လှစ်ထားသော FMI အစုရှယ်ယာဝင်များသာမက၊ စတော့ရှယ်ယာအရောင်းအဝယ်ကိုစိတ်ပါဝင်စားသူ မည်သူမဆို စတော့ရှယ်ယာရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သော ရောင်းဝယ်မှုအဆင့်ဆင့်အပါအဝင် မိမိတို့သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း လာရောက်ဆွေးနွေးနိုင်ပါကြောင်း လေးစားစွာဖိတ်ခေါ်အပ်ပါသည်။
ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ မတ်လ၊ ၁၉ ရက်(စနေနေ့) ၊ မတ်လ ၂၁ ရက်(တနင်္လာနေ့)၊ မတ်လ ၂၂ ရက်(အင်္ဂါနေ့)
အချိန်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း။
နေရာ။ KBZSC ရုံးချုပ်၊ အခန်းအမှတ်(၁၀၅)၊ မြေညီထပ်၊ Strand Square၊ (ယခင်နိုင်ငံတော်ခြောက်ထပ်ရုံး) အမှတ်(၅၃)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။
၃။ Securities Trading Account မရှိသေးသော စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံလိုသူများ အတွက်လည်း KBZSC သို့ လာရောက်စဉ် စာရင်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးထားမည်ဖြစ်သဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြား၊ ဘဏ်စာရင်းဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မူရင်းများ ယူဆောင်လျက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။
KBZ Stirling Coleman Securities Co.,Ltd.

# သန်းခေါင်စာရင်းအချက်အလက်များ အသုံးချခြင်း အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ဖာပွန် မတ် ၁၆**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ အချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသုံးချရေးအတွက် အသိပညာပေးခြင်း ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို ယွန်းစလင်းခန်းမဆောင်၌ မတ် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးမှူး ဦးဝင်းဇော်အောင်က သန်းခေါင်စာရင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက ၂၀၁၄ ခုနှစ် ဧပြီလတွင် ကောက်ယူနိုင်ခဲ့သော သန်းခေါင်စာရင်းအရ ဖာပွန်မြို့၏ လူဦးရေစာရင်းအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး သန်းခေါင်စာရင်းကောက်ယူသည့် နည်းလမ်းများနှင့်သရုပ်ပြသမှု၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်းပြည်ပပြောင်းရွှေ့သွားလာခြင်း၊ ကလေးမွေးဖွားမှု၊ သေဆုံးမှုအကြောင်းအရာများ၊ ပညာရေး၊ စီးပွားရေးအချက်အလက်များ၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား၊ မသန်စွမ်းအကြောင်းအရာ၊ အိမ်အကြောင်းအရာစသည့်အကြောင်းအရာများကို မတ် ၁၆ ရက်အထိ သုံးရက်ကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

## သတင်းတိုများ

### ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင် နိုင်းချိုင်းယွန်းစီစမွတ်၊ မယ်ဆိုင်နယ်ခြားကော်မတီအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးနုတ်ဖာဒွန်းသယ့်ချတို့ဦးစီးသော အဖွဲ့ဝင်ငါးဦးတို့သည် မော်တော်ယာဉ် သုံးစီးဖြင့် မတ် ၁၅ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့်ဝင်ရောက်လာခဲ့ပြီး တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လာရောက်လှူဒါန်းရာတွင် မယ်ဆိုင်မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်၊ မယ်ဆိုင်နယ်ခြားကော်မတီအဖွဲ့ခေါင်းဆောင်တို့က ဆေးရုံပစ္စည်းများဖြစ်သည့် ကော်ကိုယ်ထည်ပါ Wheel Chair သုံးစီး၊ သစ်သားကိုယ်ထည်ပါ Wheel Chair ငါးစီးတို့ကို လာရောက်ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်နှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

### မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်မြို့နယ်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၃ ရက်က ကျင်းပခဲ့ပြီး သံဃာတော်များ ပင့်ဖိတ်၍ အရှုဏ်ဆွမ်းများ ကပ်လှူခဲ့သည်။ ဘဏ်ခွဲဖွင့်ပွဲသို့ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်၊ တနင်္သာရီတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်နှင့် ထားဝယ်ခရိုင်ဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဘဏ်ခွဲအဆောက်အအုံသစ်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၉၀ ဖြင့် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ညဏ်ဝင်း**

### သုံးခွမြို့နယ်တွင် ရေရှားပါးပြတ်လပ်မှုမဖြစ်စေရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် မြို့နယ်အတွင်း ကျေးရွာများရှိ စက်ရေတွင်းများ၊ ရေကန်များမှ ရေရရှိသိုလှောင်နိုင်မှု အခြေအနေ၊ ဒေသအလိုက် ရေသုံးစွဲမှု အခြေအနေများကို သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်လင်းနိုင်နှင့် ဝန်ထမ်းများ မတ် ၉ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### မြို့နယ်စာရေးဆရာအသင်း အစည်းအဝေးပြုလုပ်

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် ဒုတိယအကြိမ် ညီလာခံကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ခြင်းကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ မတ် ၁၄ ရက်က ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အသင်းအလုပ်အမှုဆောင်အဖွဲ့သစ်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်ခဲ့ပြီး ဒုတိယအကြိမ် ညီလာခံကိုယ်စားလှယ်အဖြစ် အတွင်းရေးမှူး ဦးအောင်မင်း(ဟန်သစ်)ကို ရွေးချယ်ခဲ့ကြောင်းသိရသည်။ ထို့နောက် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးက ဦးသိုက်ထွန်းဦးက မြို့နယ်စာရေးဆရာအသင်း အထွေထွေရန်ပုံငွေအတွက် အလှူငွေကျပ် ငါးသောင်းကို အသင်းဥက္ကဋ္ဌသစ် ဦးအုန်းရွှေထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**

# အယ်နီညိုအကျိုးသက်ရောက်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး စီမံချက်ချဆောင်ရွက်လျက်ရှိ

**ကျောက်ပန်းတောင်း မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ယခုနှစ် ဇန်နဝါရီလမှစတင်၍ ဇွန်လအထိအတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ် အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီ၊ အရေးပေါ်ဆက်သွယ်ရေးကော်မတီနှင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲနိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်း၍ စီမံချက်ချဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အယ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက် ဥက္ကဋ္ဌအဖြစ်တာဝန်ယူသည့် မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီ၏ စီမံကွပ်ကဲမှုဖြင့် အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များကို ကြိုတင်ကာကွယ်နိုင်ရန် အောက်ခြေကျေးရွာများအထိ ကွင်းဆင်း၍ အသိပညာပေး ရှင်းလင်းမှုများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းပညာပေးဟောပြောရန်နှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို သတင်းအချက်အလက်စုဆောင်းခြင်းနှင့် ထုတ်ပြန်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ နှစ်စဉ်နွေရာသီကာလရောက်တိုင်း သောက်သုံးရေရှားပါးမှုဖြစ်ပေါ်လေ့ရှိသည့် ဒီးဒုတ်ကုန်း၊ သီးပင်၊ မြင်းခြံကုန်း၊ သနပ်ပင်၊ ဆားကျင်း၊ သီးကုန်(ရှေ့)၊ သုံးအိမ်ကုန်း၊ ချောင်းခြား၊ ရွာလု၊ ပေါက်သစ်၊ အင်ခေါင်း၊ တင့်ကန်၊ တခါးကြီး၊ ရိုးခြား၊ အင်ပင်စမ်း၊ ကြပ်ထောင်နှင့် ဖုံသာရွာမ အစရှိသည့်ကျေးရွာ ပေါင်း ၁၇ ရွာမှ လူဦးရေ ၁၄၈၅၂ ဦးအတွက် လိုအပ်မည့်သောက်သုံးရေများ ဖြန့်ဝေပေးပို့နိုင်ရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းသိရသည်။ အဆိုပါ ကျေးရွာများတွင် သောက်သုံးရေခက်ခဲပြတ်လပ်မှု ဖြစ်ပေါ်လာသည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်ဦးစီးဌာန ရေသယ်ယာဉ်ငါးစီးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကကုသိုလ်ဖြစ်ရေသယ်ယာဉ်များဖြင့် ဆည်ပေါက်ကျေးရွာ စက်ရေတွင်း၊ အင်တောကျေးရွာစက်ရေတွင်းများနှင့် ချောင်းမချောင်း၊ ကျောက်ပုံချောင်း၊ ပင်ချောင်းအစရှိသည့် ရေအရင်းအမြစ်များမှ ရေသယ်ယူကာ ပို့ဆောင်ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး အရေးပေါ်ဆက်သွယ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်းသိရသည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်အရ ရာသီဥတုပိုမိုပူပြင်းခြောက်သွေ့၍ ရေရှားပါးမှုများ ဖြစ်ပေါ်လာပြီး သောက်သုံးရေပြတ်လပ်မှု၊ စိုက်ပျိုးရေပြတ်လပ်မှုနှင့် အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာ အပူလွန်ရောဂါများ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# မူလတန်းကြိုကျောင်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရန်ကုန် မတ် ၁၆**

လှိုင်သာယာမြို့နယ် အတွင်းရှိ မူလတန်းကြို ကျောင်းများ၌ မီးဘေးကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားလျှင် ကလေးငယ်များ အန္တရာယ် ကင်းရှင်းရေးအတွက် သရုပ်ပြလေ့ကျင့်မှုများကို မတ် ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏အစီအစဉ်ဖြင့် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၁) မူလတန်းကြိုကျောင်းနှင့် အမှတ်(၁၄)ရပ်ကွက်ရှိ အမှတ်(၂)မူလတန်းကြိုကျောင်းများ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သရုပ်ပြလေ့ကျင့်ရာတွင် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် ကလေးငယ်များအား မီးအန္တရာယ်မှ ကယ်ဆယ်ခြင်းတို့ကို အမှတ်(၁)မူကြိုကျောင်းတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီး စိုးမင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)မူကြိုကျောင်းတွင် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ခွဲမှူး ဦးအုန်းရွှေနှင့် တပ်ဖွဲ့ဝင်များကဦးဆောင်၍ မူလတန်းကြိုကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာမများ၊ မူကြိုကလေးငယ်များ ပါဝင်လျက် သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနသည် ဌာနအောက်ရှိ မူလတန်းကြိုကျောင်းများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားလာပါက ကလေးသူငယ်များ အန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများနှင့် မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်း သရုပ်ပြခြင်းများကို မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကြီးစိုး (ဆိပ်ကမ်း)**

# တောင်သာမြို့နယ်၌ အယ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်မှုမရှိစေရေး ဟောပြောဆွေးနွေး

**တောင်သာ မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် အယ်နီညိုရိုက်ခတ်မှုကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေး၊ ရေကို အလေအလွင့်မရှိ အကျိုးရှိစွာအသုံးပြုရေးနှင့် သဘာဝဘေးအန္တရာယ်များ၊ ကျန်းမာရေးဆိုင်ရာများအကြောင်း အသိပညာပေးဟောပြောပွဲများကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂၀ ရက်အထိအတွင်း ကျေးရွာအုပ်စုများသို့ ကွင်းဆင်းပြုလုပ်သွားရန် စီမံချက်အရ ပညာပေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။

တောင်လုလင်ကျေးရွာအုပ်စု တောင်လုလင်ကျေးရွာ၌လည်း အယ်နီညိုရာသီဥတုဒဏ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို မတ် ၁၄ ရက်က ပြုလုပ်ခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေသန်းထွန်း၊ မြို့နယ် ဒုရဲတပ်ဖွဲ့မှူး၊ စက်မှုသီးနှံဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ဝင့်သန္တာတို့က ကဏ္ဍအလိုက် ဟောပြောခဲ့ကြသည်။

ဟောပြောပွဲတွင် တောင်လုလင်ကျေးရွာအုပ်စု တောင်ရိုးဇလုတ်ကျေးရွာခွဲမှ တာဝန်ခံ ဦးသက်နိုင်စိုးက ယခင်နှစ်က မိုးရွာသွန်းမှုနည်းခဲ့သောကြောင့် ကျေးရွာရှိ မြေသားကန်သုံးကန်မှာ ရေမကျန်ရှိတော့ကြောင်း၊ လက်ရှိအချိန်တွင် နှစ်မိုင်ခန့်ဝေးသော လက်တူးတွင်းမှ သယ်ယူသုံးစွဲနေရကြောင်း၊ ထိုတွင်းမှာလည်း တောင်လုလင်၊ တောင်ရိုးဇလုတ်နှင့် ဆုံကုန်း ကျေးရွာသုံးရွာမှ ဝိုင်းသုံးစွဲနေရသဖြင့် လောက်ငမှုမရှိတော့ကြောင်း၊ မြို့နယ်အနေဖြင့် ဖြည့်ဆည်းပေးပါရန် ဆွေးနွေးခဲ့သည်။ တာဝန်ရှိသူများက လတ်တလော ရေပြတ်လပ်နေသည့် ကျေးရွာများသို့ ရေသယ်ယာဉ်ဖြင့် ရေပေးဝေသည့် အစီအစဉ်တွင် ထည့်သွင်းပေးဝေသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကာ အနီးဆုံးရေရရှိနိုင်မည့် ရွာသစ်ကျေးရွာမှ သယ်ယူပေးပို့ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။ ရေအခက်အခဲကို ချက်ချင်းဖြေရှင်းနိုင်ရန်အတွက်လည်း ကျေးရွာရှိထော်လာဂျီသုံးစီးဖြင့် အလှည့်ကျရေသယ်ယူရန်စီစဉ်ပေးခဲ့ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စက်သုံးဆီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အယ်နီညိုကို အကောင်းဆုံးနည်းလမ်းတွေနဲ့ ရင်ဆိုင်ကြရအောင် အပိုင်း(၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

အယ်နီညိုဖြစ်စဉ်နှင့် ရင်ဆိုင်ကြုံတွေ့ရမည့် ကာလအတွင်း စိုက်ပျိုးတောင်သူများအနေဖြင့် ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ကောက်ပဲသီးနှံများကိုသာ ရွေးချယ်စိုက်ပျိုးကြရန် တာဝန်ရှိသူတို့က အကြံပြုတိုက်တွန်းသင့်ကြသည်။ မျိုးစေ့ကြဲပက်သည့်အချိန်နှင့် ရိတ်သိမ်းချိန်များကိုလည်း သတ်မှတ်ထုတ်ပြန်ပေးထားရန် လိုအပ်ပြီး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက်လည်း ထိရောက်သော နည်းလမ်းကောင်းများဖြင့် ပံ့ပိုးဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

အယ်နီညိုရာသီဥတု ဖြစ်ပေါ်သည့်အခါ ပူပြင်းခြောက်သွေ့မှု လွန်ကဲခြင်းကြောင့် အပူလျှပ်ခြင်းနှင့် အပူဒဏ်ကြောင့် သတိလစ်မေ့မြောခြင်းများကို ခံစားကြရလေ့ရှိသည်။ ထိုသို့ ခံစားကြရသူများအနက် ဆေးကုသမှုဌာနများသို့ အချိန်မီ ရောက်မလာခြင်းနှင့် ရောက်လာသည့်တိုင် ရောဂါအခြေအနေ ပြင်းထန်လွန်းသောကြောင့် အသက်ဆုံးရှုံးကြရလေ့ရှိသည်။

လူတို့၏ ခန္ဓာကိုယ်အတွင်း၌ သဘာဝအလျောက်ရှိနေသော ဇီဝရေဟုခေါ်ဆိုသည့် ကိုယ်တွင်းရေများသည် ခန္ဓာကိုယ်၏ အပူချိန်ကို ပြင်ပအပူချိန်နှင့် လိုက်လျောညီထွေဖြစ်အောင် ထိန်းညှိပေးလျက်ရှိကြရာ. . . သာမန်အားဖြင့် ပြင်ပအပူချိန်နှင့် ခန္ဓာကိုယ်တွင်းအပူချိန်တို့ ကွာဟလာသည့်တိုင် လူ့ခန္ဓာကိုယ်သည် ချက်ချင်းဆိုသလို ပူလိုက်အေးလိုက်ဖြစ်ပေါ်ခြင်း မရှိနိုင်တော့ပေ။ သို့ရာတွင် ပြင်ပအပူချိန်က အဆမတန် မြင့်တက်လာသည့်အခါ ဇီဝရေဖြင့် အပူချိန်ထိန်းညှိသည့်စနစ် ပျက်ယွင်းပြီး ခန္ဓာကိုယ်အပူချိန်ကပါ လိုက်၍မြင့်တက်လာသည်။

ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်၏ အပူချိန်သည် ၁၀၄ ဒီဂရီ ဖာရင်ဟိုက်အထိပင် မြင့်တက်လာနိုင်ပြီး ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုကိုပါ ဖြစ်ပေါ်လာစေသည်။ ခန္ဓာကိုယ်တွင်း ရေဓာတ်လျော့နည်းသွားခြင်းနှင့် ဓာတ်ဆားများ၏ အချိုးအစား ပြောင်းလဲသွားခြင်းကြောင့် ချွေးလုံးဝမထွက်တော့ခြင်း၊ အလွန်ပင်ပန်းနွမ်းနယ်လာခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိလစ်မေ့မြောသွားခြင်းများ ဖြစ်ပွားလာနိုင်ပြီး အချိန်မီကုသမှုမခံယူနိုင်ပါက အသက်ဆုံးရှုံးရမှုအထိပင် ဖြစ်ပွားနိုင်ဖွယ်ရှိသည်။

ယင်းကဲ့သို့ အပူဒဏ်လွန်ကဲမှုကို ခံစားကြရနိုင်သည့် အထဲတွင် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များ၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါရှိသူများ၊ နေရောင်ထဲ၌ အလုပ်လုပ်နေကြသော ကာယလုပ်သားများ စသည်တို့သည် ရောဂါခံစားရနိုင်ချေ ပို၍ရှိနေကြသည်။ ထို့ပြင် အရက်သေစာ သောက်စားထားသူများအဖို့လည်း အပူဒဏ်ကို ပိုမိုခံစားကြရလိမ့်မည် ဖြစ်သလို. . . အပူဒဏ်ကြောင့်ဖြစ်ပေါ်လာမည့် ရောဂါလက္ခဏာများကိုလည်း သာမန်လူများထက် ပိုမိုကြုံတွေ့ကြရလိမ့်မည် ဖြစ်သည်။

သို့ဖြစ်၍ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၊ ရောဂါဝေဒနာအမျိုးမျိုးကို ခံစားနေကြရသူများသည် မွန်းတည့်ချိန်နှင့် မွန်းလွဲပိုင်းအချိန်များတွင် အရိပ်အာဝါသကောင်းသောနေရာများ၊ လေဝင်လေထွက် ကောင်းသောနေရာများ၊ လေထုတ်ပန်ကာ တပ်ဆင်ထားသောနေရာများ၊ လေအေးပေးစက် တပ်ဆင်ထားသောနေရာများ၌သာ နေထိုင်ကြရန် လိုအပ်သည်။

ကာယလုပ်သားများအနေဖြင့်လည်း ပြင်းထန်သောနေရောင်၏အောက်၌ အလုပ်လုပ်ခြင်းမျိုးကို ရှောင်ကြဉ်သင့်ကြသလို. . . အားကစားသမားများအနေဖြင့်လည်း ပြင်းထန်သော လေ့ကျင့်ခန်းများ၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းမျိုးကို ရှောင်ရှားကြရမည် ဖြစ်သည်။ အလားတူပင် အများပြည်သူအားလုံးတို့အနေဖြင့် ပူပြင်းသော မွန်းတည့်ချိန်နှင့် မွန်းလွဲချိန်များ၌ မြစ်ကမ်းဘေး၊ ချောင်းကမ်းပါးများနှင့် ရေချိုးဆိပ်များ၌ ရေချိုးခြင်းများကိုလည်း လုံးဝရှောင်ကြဉ်ကြရမည် ဖြစ်သည်။

အယ်နီညိုရာသီဥတုကြောင့် ပြင်းထန်သောအပူရှိန်ကို ခံစားကြရသည့်အခါ ရေများများသောက်ခြင်း၊ ဓာတ်ဆားရည်သောက်သုံးခြင်း၊ အချိုရည်အမျိုးမျိုး သောက်သုံးခြင်း၊ ဖျော်ရည်အမျိုးမျိုး သောက်သုံးခြင်း၊ အရည်ရွှမ်းသောအသီးအနှံများ စားသုံးခြင်း၊ သီးစုံချဉ်ရေဟင်းချက်ပြုတ်သုံးဆောင်ခြင်း စသည်တို့ကို လုပ်ဆောင်သင့်ကြသလို. . . ပူလွန်းသောအရည်များ သောက်ခြင်း၊ စပ်သောဟင်းလျာများ ချက်ပြုတ်စားသောက်ခြင်း၊ အပူစာများစားသုံးခြင်း၊ အရက်သေစာသောက်စားခြင်း စသည်တို့ကိုမူ လုံးဝရှောင်ရှားကြရမည်ဖြစ်သည်။

ပြည်သူ့ဆေးရုံကြီးများ၊ ဆေးခန်းများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးရွာဆေးပေးခန်းများ စသည်တို့၌လည်း အပူဒဏ်လွန်ကဲမှုကြောင့် ဖြစ်ပွားတတ်သော ရောဂါဝေဒနာအမျိုးမျိုးကို ကုသပေးနိုင်မည့် ဆေးဝန်ထမ်းများ၊ ဆေးဝါးများ၊ အထောက်အကူပြုပစ္စည်းများ၊ လျင်မြန်စွာ ကယ်တင်ကုသနိုင်မည့် ကုထုံးများ စသည်တို့ကို အရန်သင့်ထားရှိပေးရန် လိုအပ်သလို. . . ကုသရမည့် ကုထုံးအဆင့်ဆင့်ကိုလည်း အများပြည်သူ ထင်သာမြင်သာရှိအောင် နံရံကပ်ပိုစတာများကပ်ထားခြင်းဖြင့် အသိပညာပေးရမည်ဖြစ်သည်။



၂၀၀၉ ခုနှစ် အယ်နီညိုရိုက်ခတ်ခံရသော အိန္ဒိယနိုင်ငံမှ လယ်ယာတစ်ခု။

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်များ၊ တိုက်တွန်းချက်များနှင့် အကြံပြုချက်များကိုလည်း အများပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် မီဒီယာများကို အသုံးချခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကြော်ငြာဆိုင်းဘုတ်ကြီးများ စိုက်ထူထားခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်နှင့် ဘူတာရုံများ၌ ကျန်းမာရေးပညာပေး ပိုစတာများ ကပ်ထားခြင်း၊ ရုပ်ရှင်ရုံများ၌ ရုပ်ရှင်မပြသမီ ဆလိုက်ဖြင့် ကြေညာအသိပေးခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် နှိုးဆော်တိုက်တွန်းခြင်း၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဖြန့်ဝေအသိပေးခြင်း စသည်တို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာသော အပူချိန်အဆမတန်မြင့်တက်ခြင်းသည် ရောဂါပိုးကို သယ်ဆောင်သည့် ခြင်မျိုးစိတ်များကို ပိုမိုပေါက်ပွားလာစေပြီး ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ ဇီကာဗိုင်းရပ်စ် ကူးစက်ရောဂါစသော ရောဂါဆိုးများဖြစ်ပွားမှုကို ပိုမိုမြင့်တက်လာစေနိုင်သည်။

အယ်နီညိုဖြစ်စဉ်ကြောင့်ဖြစ်ရသော မိုးခေါင်ရေရှားမှုဒဏ်ကြောင့် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ကြရဖွယ်ရှိနေသည့်အတွက် မသန့်ရှင်းသောရေကို သောက်သုံးမိရာမှ ဆက်စပ်ဖြစ်ပွားလာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါများကို ခံစားကြရနိုင်သလို. . . အရေပြားဆိုင်ရာ ကူးစက်ရောဂါများကိုလည်း ခံစားကြရနိုင်သည်။

သို့ဖြစ်၍ အယ်နီညိုကြောင့် ဆက်စပ်ဖြစ်ပွားလာနိုင်သော ကူးစက်ရောဂါအမျိုးမျိုးတို့ကို ထိထိရောက်ရောက် ကြိုတင်ကာကွယ်နိုင်မည့် အစီအမံများအားလုံးကိုလည်း စနစ်တကျ ပူးပေါင်းလုပ်ဆောင်ကြရမည် ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ကြရာတွင် အစိုးရပိုင်းအနေဖြင့်သာ လုပ်ဆောင်၍မရဘဲ ပြည်သူလူထုအားလုံးတို့ကပါ အသိတရားရှိရှိဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

အလားတူပင် အယ်နီညိုကြောင့်ဖြစ်ပေါ်လာသည့် အပူချိန်မြင့်တက်မှုသည် မီးလောင်ကျွမ်းမှုကို လွယ်လင့်တကူ ဖြစ်ပွားစေနိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ သို့ဖြစ်၍ အမှိုက်မီးရှို့ခြင်း၊ ပူပြင်းသောအချိန်၌ ဓာတ်ဆီကို အသုံးပြုခြင်းနှင့် ဓာတ်ဆီပုံးများ လဲလှယ်ခြင်း၊ လျှပ်စစ်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုမှုမရှိခြင်း၊ မီးကို ပေါ့ဆစွာသုံးစွဲခြင်း၊ ဓာတ်ငွေ့သုံးမီးဖိုနှင့် ဆက်စပ်ပစ္စည်းများကို လဲလှယ်မှုမရှိဘဲ ကာလကြာရှည်စွာ အသုံးပြုခြင်း၊ သဘာဝဓာတ်ငွေ့သုံးယာဉ်များ၌ ကြံ့ခိုင်မှုအားနည်းသော ဓာတ်ငွေ့အိုးနှင့် ဆက်စပ်ပစ္စည်းများ၊ အရည်အသွေးစံမမီသော ဓာတ်ငွေ့အိုးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်သုံးစွဲထားခြင်း စသည်တို့ကို ရှောင်ကြဉ်ကြရန်လည်း အထူးလိုအပ်မည် ဖြစ်သည်။

အယ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်မှုသည် တောမီးလောင်ကျွမ်းမှုကိုပါ ဖြစ်ပေါ်စေနိုင်သည့်အတွက် တောင်ယာမီးရှို့ခြင်း၊ တောထဲ၌ မီးကြွင်းမီးကျန်ထားခဲ့ခြင်း၊ အမဲလိုက်သူများအနေဖြင့် တောချောက်ရန် မီးရှို့ခြင်း၊ တောတွင်း၌ တစ်ဦးနှင့်တစ်ဦး မီးခိုးဖြင့်အချက်ပြခြင်း၊ တောထဲ၌ မီးတုတ်ထွန်းညှိပြီးအိပ်စက်ခြင်း စသည့် အပြုအမူများကို အသိတရားရှိရှိဖြင့် လုံးဝရှောင်ရှားကြရမည် ဖြစ်သည်။

ဤနေရာတွင် အယ်နီညိုဖြစ်စဉ်ကြောင့် မြို့ပြလူနေဒေသများတွင် မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးပြောကြားချက်အချို့ကြောင့် လူအများက စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခံစားနေကြရခြင်းနှင့်ပတ်သက်၍ မီးလောင်ကျွမ်းရခြင်း၏ အခြေခံသဘောကို သိရှိထားကြရန် လိုအပ်မည်ဖြစ်သည်။ မည်သည့် အကြောင်းကြောင့် မီးလောင်သည် ဖြစ်စေ. . . မီးလောင်ခြင်းဟူသော အကြောင်းတရားသည် မီးပွင့် သို့မဟုတ် မီးပွား သို့မဟုတ် မီးတောက်စသော လောင်မြိုက်နေသည့်အရာနှင့် မီးလောင်လွယ်သော သို့တည်းမဟုတ် မီးလောင်ခြင်းကို အားပေးသော ဝတ္ထုပစ္စည်း သို့မဟုတ် ဓာတ်ငွေ့ သို့မဟုတ် အရည်တစ်မျိုးမျိုးတို့ ထိတွေ့ပေါင်းဆုံသွားခြင်းပင် ဖြစ်သည်။

သို့ဖြစ်၍ လောင်စာမည်မျှရှိနေသည်ဖြစ်စေ မီးပွင့်စေသော. . .၊ မီးပွားထွက်စေသော. . .၊ မီးတောက်စေသော အရင်းအမြစ် မရှိသေးသရွေ့ မီးလောင်မှုတစ်ခု ဖြစ်လာမည်မဟုတ်ပေ။ အပြန်အလှန်အားဖြင့်လည်း မီးပွင့်၊ မီးပွား၊ မီးတောက်တို့ ဖြစ်ပေါ်နေစေကာမူ မီးလောင်ကျွမ်းနိုင်သော လောင်စာတစ်စုံတစ်ရာမရှိပါက မီးလောင်ကျွမ်းမှု ဖြစ်ပေါ်မည် မဟုတ်ပေ။

အယ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ကြရသည့်အခါ ပူပြင်းခြောက်သွေ့မှု လွန်ကဲခြင်းကြောင့် ဝတ္ထုပစ္စည်းမှန်သမျှတို့သည် ယင်းတို့၌ရှိနေသော ရေငွေ့များကို လေထုထဲသို့ စွန့်ထုတ်လိုက်ကြရသည်။ ယုတ်စွအဆုံး မြေမျက်နှာပြင် အပေါ်ယံလွှာသည်လည်း ရေနှင့်ရေငွေ့များကို အငွေ့ပျံစေခြင်းဖြင့် စွန့်ထုတ်လိုက်ရပြီး ခြောက်သွေ့သော မြေသားအပေါ်ယံလွှာ ဖြစ်လာရသည်။ ဝတ္ထုပစ္စည်းတို့သည် ရေငွေ့ပါဝင်နှုန်း လျော့ကျသွားသည့်အခါ သို့တည်းမဟုတ် ရေငွေ့ပါဝင်မှု မရှိတော့သည့်အခါ မီးပွင့်၊ မီးပွား၊ မီးတောက် စသည်တို့နှင့် ထိတွေ့မိပါက မီးလောင်ကျွမ်းမှုကို လွယ်လင့်တကူ ဖြစ်ပေါ်စေမည်သာ ဖြစ်သည်။

တစ်ခါတစ်ရံ ထူးခြားသောအခြေအနေမျိုး၌မူ အပူချိန် လွန်ကဲပြင်းထန်စွာ မြင့်တက်နေချိန်တွင် ခြောက်သွေ့ပူပြင်းနေသော သစ်ပင်သစ်ကိုင်းခြောက်များနှင့် ကျေးလက်ဒေသများ၌ အိမ်၏အမိုးအဖြစ် သုံးစွဲနေကြသော တောင်ထန်း၊ ဓနိ၊ စလူ၊ အင်ဖက်တို့ကို လေထုက ဖြတ်သန်းတိုက်ခတ်သွားသည့်အခါ မီးတောက်၊ မီးပွားများ ဖြစ်ပေါ်လာနိုင်သည်။

**သို့ရာတွင် ယခုကြုံတွေ့နေကြရသည့် အယ်နီညိုအစွန်းရောက်ရာသီဥတုကြောင့် မြင့်တက်လာမည့် အပူချိန်သည် အထက်ဖော်ပြပါ အလိုအလျောက် မီးထတောက်နိုင်သည့်အဆင့်သို့ ရောက်ရှိမလာနိုင်သဖြင့် အယ်နီညိုကြောင့် အလိုအလျောက် မီးလောင်မှုများ ဖြစ်ပေါ်လာမည့်အရေးကို စိုးရိမ်ပူပန်ရန် မလိုအပ်ပေ။ မီးကို ပေါ့ဆစွာသုံးစွဲခြင်းနှင့် လျှပ်စစ်ပစ္စည်းများကို နည်းလမ်းတကျ အသုံးပြုမှုမရှိခြင်းစသော အကြောင်းများကြောင့် မီးလောင်နိုင်သည့်အရေးကိုသာလျှင် ကြိုတင်သတိပြု ကာကွယ်ကြရန် လိုအပ်သည်။**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းရှိ ငါးနှစ်တာကာလသည် အပူဆုံးသော ကာလ ဖြစ်သလို. . . ထိုကာလထဲ၌ပင် ၂၀၁၅ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ထုတ်ပြန်အသိပေးခဲ့သည်။ ၂၀၁၅ ခုနှစ် အတွင်းက အိန္ဒိယနိုင်ငံ၌ ကြုံတွေ့ခဲ့ရသည့် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကာ လူပေါင်းနှစ်ထောင်ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။ အလားတူပင် ပါကစ္စတန်နိုင်ငံ၌လည်း အပူလှိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။

အရှေ့အလယ်ပိုင်းဒေသ၌လည်း အပူချိန်များ စံချိန်သစ်တင် မြင့်တက်ခဲ့သလို. . . ထိုဒေသနှင့်နီးကပ်သည့် အာဖရိကမြောက်ပိုင်းနှင့် ဥရောပနိုင်ငံအချို့၌လည်း အပူဒဏ်ကို သိသာစွာခံစားခဲ့ကြရသည်။ ၂၀၁၅ ခုနှစ်၏ အပူချိန် စံချိန်သစ်တင်သော သာဓကအချို့အဖြစ် အီရန်နိုင်ငံ၌ ၄၆ ဒီဂရီ စင်တီဂရိတ်အထိ၊ ဂျော်ဒန်နိုင်ငံ၌ ၄၇ ဒီဂရီ စင်တီဂရိတ်အထိနှင့် အီဂျစ်နိုင်ငံ၌ ၄၇ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

အစွန်းရောက်ရာသီဥတုဖြစ်သော အယ်နီညိုကြောင့် ဒေသအချို့တွင် မိုးရွာသွန်းမှုပုံစံများလည်း ပြောင်းလဲသွားခဲ့သည်။ တရုတ်နိုင်ငံတွင် သည်းထန်စွာမိုးရွာသွန်းမှု အကြိမ်ပေါင်းများစွာရှိခဲ့ပြီး ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ပြည်သူ ၇၅ သန်းတို့ အတိဒုက္ခရောက်ခဲ့ကြရသည်။ ထို့အတူ ပါကစ္စတန်နိုင်ငံ၌လည်း တစ်ရက်တည်း၌ရွာသွန်းသောမိုးရေချိန်သည် ယခင်က တစ်နှစ်ပတ်လုံး ရွာသွန်းသည့် မိုးရေချိန်ကိုပင် ကျော်လွန်သွားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၀ အယ်နီညိုနှစ်က မြင်းမူမြို့၌ အပူချိန် ၄၇ ဒသမ ၂ဒီဂရီစင်တီ ဂရိတ်အထိ စံချိန်တင်မြင့်တက်ခဲ့သလို. . . အခြားမြို့ကြီး အချို့၌လည်း အပူချိန် ၄၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။ အဆိုပါ အယ်နီညိုနှစ်က အပူချိန်မြင့်မားသည့်ဒဏ်ကိုခံစားရသော ဝေဒနာရှင် ၆၀၀ ကျော်ရှိခဲ့သည့်အနက် နှစ်ဆယ့်ငါးရာခိုင်နှုန်းခန့်မှာ အသက်ဆုံးရှုံးခဲ့ကြရသည်။

ဤသည်ကို သင်ခန်းစာရယူကြလျက် လက်ရှိကြုံတွေ့နေကြရသော ၂၀၁၆ အယ်နီညိုနှစ်ကာလအတွင်း ပြည်သူလူထုအတွင်း၌ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသော ကဏ္ဍအသီးသီးတွင် ထိခိုက်နစ်နာဆုံးရှုံးရမှုများ နည်းနိုင်သမျှနည်းအောင် ကြိုးပမ်းလုပ်ဆောင်သွားကြခြင်းဖြင့် အယ်နီညိုကို အကောင်းဆုံး ရင်ဆိုင်ကြရမည် ဖြစ်သည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပပြုလုပ်ခဲ့သော (၂၁)ကြိမ်မြောက် Conference of Parties ကမ္ဘာ့ညီလာခံကြီးတွင် **၂၀၂၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့ပျမ်းမျှ အပူချိန် မြင့်တက်လာမှုကို နှစ်ဒီဂရီစင်တီဂရိတ်အောက် လျှော့ချရန်**နှင့် ထိုမှတစ်ဆင့် ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ ကန့်သတ်လျှော့ချရန်ဟူသော သဘောတူညီချက်ကို ရေးဆွဲပြီးဖြစ်ရာ. . . မြန်မာနိုင်ငံအပါအဝင် အယ်နီညိုရာသီဥတုကို ရင်ဆိုင်ကြုံတွေ့နေကြရသည့် အီကွေတာရပ်ဝန်းနိုင်ငံများအားလုံးတို့က အဆိုပါ သဘောတူညီချက်အတိုင်း အင်တိုက်အားတိုက်ဖြင့် စွမ်းစွမ်းတမံ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပေသည်။ ။

**ပြင်ပအပူချိန်က အဆမတန် မြင့်တက်လာသည့်အခါ ဇီဝရေဖြင့် အပူချိန်ထိန်းညှိသည့်စနစ် ပျက်ယွင်းပြီး ခန္ဓာကိုယ်အပူချိန်ကပါ လိုက်၍ မြင့်တက်လာသည်။ ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်၏ အပူချိန်သည် ၁၀၄ ဒီဂရီ ဖာရင်ဟိုက်အထိပင် မြင့်တက်လာနိုင်ပြီး ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုကိုပါ ဖြစ်ပေါ်လာစေသည်။ ခန္ဓာကိုယ်တွင်း ရေဓာတ်လျော့နည်းသွားခြင်းနှင့် ဓာတ်ဆားများ၏ အချိုးအစား ပြောင်းလဲသွားခြင်းကြောင့် . . .**

## စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေး

**ဝိုင်းမော် မတ် ၁၆**

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ တပ်မတော်မှ လွှဲပြောင်းစွန့်လွှတ်သောမြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဆမားခန်းမ၌ မတ် ၁၄ ရက်က ကျင်းပခဲ့သည်။

ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးက အမှာစကားပြောကြားပြီး မူလပိုင်ရှင်များကိုယ်စား မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်ထံ သက်ဆိုင်ရာမြေနေရာများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းမော်မြို့အမှတ်(၂)ဈေးမြေနေရာ ၂ ဒသမ ၃၆ ဧက၊ အမှတ်(၂)ရပ်ကွက် ဦးပိုင်အမှတ်(၇၈/င)ရှိ မြေဧရိယာ ၀ ဒသမ ၁၁၆ ဧက၊ အမှတ်(၂)ရပ်ကွက် ဦးပိုင်အမှတ်(၇၈/စ)ရှိ မြေဧရိယာ ၀ ဒသမ ၁၁၆ ဧကနှင့် အမှတ်(၂)ရပ်ကွက် ဦးပိုင်အမှတ်(၇၈/ဆ)ရှိ မြေဧရိယာ ၀ ဒသမ ၁၁၆ ဧက တို့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ငြိမ်းနှင့် မူလမြေပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၆၂)**

## အောင်ရေလိုအပ်သဖြင့် ရေတွင်းများတူးဖော်ပြီး ရေတင်စိုက်ပျိုး

**အင်းတော် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွာသာယာကျေးရွာ၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများတွင် အောင်ရေလိုအပ်ချက်ရှိနေသဖြင့် ဒေသခံတောင်သူများ ကိုယ့်အားကိုယ်ကိုးအဝီစိတွင်းတူးကာ ရေတင်စက်များဖြင့် ရေတင်၍ စိုက်ပျိုးနေကြကြောင်း သိရသည်။

ရွာသာရွာကျေးရွာနှင့် ပတ်ဝန်းကျင်၌ နွေစပါး ၇၅ ဧက စိုက်ပျိုးထားပြီး ပုလဲသွယ်နွေစပါးများကို စိုက်ပျိုးခဲ့ကြောင်း၊ စပါးစိုက်သည့်ရက်ပိုင်းတွင် စိုက်ပျိုးရေ ပြည့်စုံလုံလောက်စွာ ရရှိသော်လည်း ယခု အောင်ရေသွင်းချိန်တွင် အခက်အခဲများရှိလာကြသည့်အတွက် နွေစပါးစိုက်ထားသည့် လယ်ကွက်များအနီးရှိ နေရာများတွင် ရေတွင်းများတူးဖော်ကာ တရုတ်အင်ဂျင်စက်များဖြင့် ရေတင်၍ ရေပိုက်များသွယ်တန်းပြီး နွေစပါးစိုက်ကွက်များသို့ အောင်ရေသွင်းနေကြခြင်းဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

## ကုလားပဲမျိုးသန့်စံကွက် ရိတ်သိမ်း

**မြိုင် မတ် ၁၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဖြန့်ဝေသော ရေဆင်း(၄)ကုလားပဲမျိုးသန့်များကို ရွာသာအေးကျေးရွာမှ ဒေသခံ တောင်သူများနှင့် ပူးပေါင်းစိုက်ပျိုးထားသည့် ကုလားပဲစံကွက်ကို ကွင်းဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ မတ် ၁၃ ရက်က ရိတ်သိမ်းခဲ့သည်။

စံကွက်ရိတ်သိမ်းရာတွင် မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယမြို့နယ်တာဝန်ခံက မျိုးစေ့ဘဏ်၏ရည်ရွယ်ချက်များ၊ ဒေသနှင့်ကိုက်ညီပြီး အထွက်ကောင်း၊ ဈေးကောင်းရသည့် မျိုးကောင်းမျိုးသန့်များ ဆက်လက်ပွားများနိုင်ရေး၊ တောင်သူများအနေဖြင့် ဒေသမျိုးများကိုစွန့်လွှတ်၍ အထွက်ကောင်းမျိုးများကို ပြောင်းလဲစိုက်ပျိုးကာ ကောင်းမွန်သောအရည်အသွေးလက္ခဏာများ၊ အထွက်ကောင်း၊ ဈေးကောင်းရသည့်အကျိုးကျေးဇူးများစသည်တို့ကို ဒေသခံတောင်သူများအား ရှင်းလင်းဆွေးနွေးပြီး စံကွက်ရိတ်သိမ်းခဲ့ရာ အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ ၁၁ ဒသမ ၂၅ တင်းနှုန်းရှိသဖြင့် ဒေသခံတောင်သူများကြိုက်နှစ်သက်ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**

## အပူချိန်မြင့်တက်မှုကြောင့် နေ့စားအလုပ်သမားများ နေ့ဝက်သာ အလုပ်ဆင်းနိုင်

**ရေတာရှည် မတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နေ့အပူချိန်မြင့်တက်မှုကြောင့် ယာခင်းများအတွင်း နေ့စားအဖြစ် အလုပ်လုပ်ကိုင်ကြသူများမှာ နံနက်ပိုင်း၌သာ လုပ်ငန်းခွင်ဝင်ရောက်နိုင်တော့ကြောင်း သိရသည်။



ယာခင်းတစ်ခုတွင် အလုပ်လုပ်နေသော လုပ်သားများ။

"ပဲကောက်နေ့စားလိုက်တဲ့လူတွေ မနက်အစောခြောက်နာရီဆို အခင်းထဲအရောက်သွားရတယ်။ ဆယ်နာရီခွဲလောက်ဆို မနေနိုင်လောက်အောင်ပူတော့ ပြန်လာရတယ်"ဟု ပဲနုတ်သူ အမျိုးသမီးတစ်ဦးကပြောသည်။ အပူချိန်မြင့်တက်မှုကြောင့် အလုပ်လုပ်သူများ ချွေးထွက်လွန်ကာ မူးလဲ၍ သတိလစ်ခြင်းများလည်း ရှိနေသည့်အတွက် ဓာတ်ဆားဖျော်ရည်များကို အသင့်ဆောင်ထားပြီး အလုပ်လုပ်ကြရသည်"ဟု ၄င်းကပင် ဆက်၍ ပြောသည်။

ထို့အတူ ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်း အဆင့်မြှင့်တင်မှုလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြသော အလုပ်သမားများမှာလည်း အပူချိန်ကြောင့် အတော်ကို ဒုက္ခရောက်ကြရကြောင်း ကိုယ်တိုင်ကြုံခဲ့ရသူ တစ်ဦးကပြောသည်။ "ကျွန်တော်တို့ လမ်းအလုပ်သမားအတွေအနေနဲ့ ကိုယ့်နေ့စားခလေးရဖို့ရာ နေပူကြီးထဲမှာ အလုပ်လုပ်ကြရတာ အရမ်းပင်ပန်းပါတယ်။ ဒီကြားထဲ ကားတွေကအရမ်းမောင်းတော့ ယာဉ်အန္တရာယ်မဖြစ်အောင် ဂရုစိုက်နေကြရတာ။ မနေ့ကဘဲ ကောင်မလေးတစ်ယောက် မူးလဲလို့ ဆေးခန်းကို ပို့လိုက်ရတယ်"ဟု လမ်းအလုပ်သမားတစ်ဦးက ပြောကြားသည်။

အပူချိန်မြင့်တက်ခြင်းကြောင့် နေ့လယ်ပိုင်းအချိန်များတွင် လေဝင်လေထွက်ကောင်းမွန်ပြီး အရိပ်အာဝါသ ကောင်းမွန်သည့်နေရာများ၌ အနားယူရန် လိုအပ်ကာ ရေချိုးခြင်းကိုလည်း ဂရုပြု ဆင်ခြင်သင့်ကြောင်း ဆရာဝန်များက အကြံပြုပြောကြားထားသည်။

**ကိုလွင်(ဆွာ)**

## ခြသေ့်ချောင်းတံတား တည်ဆောက်ပြီးစီးသဖြင့် အထက်ချင်းတွင်းဒေသသို့ ကူးသန်းသွားလာရေး အဆင်ပြေ

**မော်လိုက် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ် လွင်ကြီးရွာအနီးရှိ ခြသေ့်ချောင်းကူးတံတား တည်ဆောက်ပြီးစီးခဲ့ပြီးနောက် အထက်ချင်းတွင်းဒေသရှိ ပြည်သူများအနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။



"အရင်ကဆို ဒီခြသေ့်ချောင်းမှာ ယာယီ ကြိုးတံတားလေးနဲ့ပဲ ဆိုင်ကယ်တို့ သုံးဘီးတို့လောက်ပဲ ဖြတ်သန်းလို့ရတယ်။ ကားကြီးတွေဆို ကြိုးတံတားပေါ်က ဖြတ်လို့မရဘူး။ ချောင်းထဲဆင်းပြီး ရေအနက် သုံးပေလောက်မှာ ခဲရာခဲဆစ် ဖြတ်ခဲ့ကြရတာ။ မိုးတွင်းဆို ဖြတ်ကူးဖို့ မလွယ်တော့ဘူး။ အရမ်းအန္တရာယ်များတယ်။ ချောင်းရေတွေလာရင် သစ်တုံးတွေပါ မျောပါလာတော့ ယာယီ ကြိုးတံတားလေးက ချောင်းရေတိုက်စားသွားလိုက် ပြန်ပြင်ပြီး ယာယီကူးတံတားလေးထိုးလိုက်နဲ့ ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အဓိကထား သွားလာနေရတာပါ။ လက်ရှိမှာ တံတားတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်လို့ ဒေသခံတွေအနေနဲ့ အချိန်မရွေး ကုန်းလမ်းကနေပါ ဆက်သွယ်သွားလာနိုင်ပြီ"ဟု ခြသေ့်ချောင်းကူးတံတားနှင့် ပတ်သက်၍ တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ခြသေ့်ချောင်းတံတားသည် အရှည် ပေ ၂၈၀၊ အကျယ် ၂၇ ပေ နှစ်လမ်းသွားဖြစ်ကာ တံတားအမျိုးအစားမှာ ဘိုးပိုင်စနစ် သံကူကွန်ကရစ် အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ရေလယ်တိုင်၊ အပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ၊ ကြမ်းခင်းဖြစ်ပြီး တံတားခံနိုင်ဝန် (၃၆) တန်ဖြစ်သည်။ ခြသေ့်ချောင်းကူးတံတားတားပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၇၅၀ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## အယ်နီညိုရာသီဥတုနှင့် အကျိုးဆက်များအကြောင်း ပညာပေးဟောပြော

**မြိတ် မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာဘုန်းတော်ကြီးကျောင်း၌ အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်မားခြင်း၊ သောက်သုံးရေရှားပါးခြင်းနှင့် ဆက်လက် ဖြစ်ပေါ်လာနိုင်သည့် လူ့ကျန်းမာရေးဆိုင်ရာပြဿနာများ၊ စိုက်ပျိုးရေရှားပါးမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှုလျော့နည်း ကျဆင်းလာခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် စားနပ်ရိက္ခာပြဿနာများ၊ ကျွဲ၊ နွားစသည့် အိမ်မွေးတိရစ္ဆာန်များ၏ ကူးစက်ရောဂါနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြော ဆွေးနွေးပွဲကို မတ် ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဟောပြောပွဲကို အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို တုံ့ပြန်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့် မြိတ်မြို့နယ် အသိပညာပေးရေး လုပ်ငန်းကော်မတီက စီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး ဟောပြောပွဲတွင် မြိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ၂၀၁၆ ခုနှစ် နွေရာသီကာလများ၌ ကြုံတွေ့ရမည့် အယ်နီညိုရာသီဥတု၏ ဆိုးကျိုးများ၊ ကာလကြာရှည်စွာ အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများ၊ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့် အစီအမံများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင် ထားရှိမှုများကို ဟောပြောသည်။

ထို့နောက် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြတ်စိုး၊ မြို့နယ် ဆည်မြောင်းဦးစီးဌာနမှူး ဦးကျော်မင်းဝေနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဦးတို့က ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုများနှင့် ပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို အသေးစိတ် ဟောပြောခဲ့ကြသည်။

မြိတ်မြို့နယ်တွင် အယ်နီညိုအကျိုးသက်ရောက်မှုကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်ရောက်မှုဒဏ်ခံနိုင်ရည်ရှိရေးအတွက် မြို့နယ်ကြီးကြပ်ရေးကော်မတီနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အဆိုပါကော်မတီများမှ အသိပညာပေးလုပ်ငန်း ကော်မတီအနေဖြင့် မြို့နယ်အတွင်း ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

### သတင်းတို

### ကျောက်တန်းရေလယ်ဘုရားပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်၏ (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို မတ် ၁၅ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းနှင့် စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလှရွှေတို့က ဖွင့်လှစ်ပေးပြီး ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၊ ဝတ်အသင်းဝင်များ တက်ရောက်ခဲ့ကြကာ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စေတနာရှင်များက ဘုရားဖူးလာကြသူများအား စတုဒိသာများ ညှော်ခံကျွေးမွေးခဲ့သည်။

**စိုးဝင်း(ကျောက်တန်း)**

# အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ပွဲကောင်းတွေဖြစ်မယ့် လာလီဂါပွဲစဉ်(၃၀)

**လာလီဂါပွဲစဉ်(၃၀)ကို မတ် ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ ဆက်လက်ကစားမှာဖြစ်လို့ ပွဲကောင်းတွေမျှော်လင့်နေတဲ့ ပရိသတ်တွေအတွက်တော့ လက်မလွတ်တမ်းအားပေးခွင့်ရဦးမှာဖြစ်ပါတယ်။ ရာသီကုန်ပွဲစဉ်တွေ တဖြည်းဖြည်းနီးကပ်လာချိန်မှာ အသင်းတိုင်း အမှားအယွင်းမခံတော့တာမို့ ပွဲတိုင်းဟာ ရင်ခုန်လှိုက်မောဖွယ်ရာရသတွေကို ပေးစွမ်းဦးမှာ ဖြစ်ပါတယ်။**



မိုးမြင့်လင်းလက်

### ဂီဂျွန်နှင့် အက်သလက်တီကို

အက်သလက်တီကိုအသင်းဟာ အိမ်ကွင်းမှာဆိုရင် ဂီဂျွန်ကို ဂိုးပြတ်သွင်းအနိုင်ယူခဲ့တာ များပေမယ့် အဝေးကွင်းဆိုရင် ဂီဂျွန်တို့က အနိမ့်ဆုံး တစ်မှတ်ရအောင် ကြိုးစားနိုင်တဲ့စွမ်းရည် ရှိပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ငါးနှစ်အတွင်းမှာ အိမ်ကွင်းမှာ လက်ခံကစားတိုင်း ဂီဂျွန်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ လာလီဂါသမိုင်းမှာ ဒီနှစ်သင်းဆုံတွေ့ခဲ့မှုကို ကြည့်ရင် ဂီဂျွန်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ လာလီဂါသမိုင်းမှာ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ ပွဲတွေထဲမှာ ဂီဂျွန်က ၁၉ ပွဲနိုင်ကာ အက်သလက်တီကိုတို့က ၄၁ ပွဲနိုင်ပြီး သရေ ၂၁ ပွဲဖြစ်ထားပါတယ်။ ဒီပွဲမှာတော့ အိမ်ရှင် ဂီဂျွန်တို့ရဲ့ အနိုင်ရလိုစိတ်ပြင်းထန်မှုကြောင့် သရေရလဒ်ကိုမျှော်လင့်နိုင်ပေမယ့် အက်သလက်တီကိုရဲ့ တိုက်စစ်ကို ဟန့်ထားဖို့ ခက်ခဲပါလိမ့်မယ်။ အက်သလက်တီကိုတို့ရဲ့ နိုင်ပွဲဖြစ်သွားပါလိမ့်မယ်။

### ဂီတာဖေးနှင့် အီဘာ

ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် အီဘာတို့က အသာစီးရထားပါတယ်။ ဒါပေမယ့် ဂီတာဖေးကွင်းမှာ ကစားတိုင်း အီဘာတို့ ခက်ခဲခဲ့ပြီး နိုင်ပွဲလည်းမရသလောက် နည်းပါတယ်။ တန်းဆင်းဇုန်ထဲမကျဆင်းအောင် ခြေကုန်ထုတ်လာမယ့် ဂီတာဖေးတို့ဟာ ဒီပွဲကို အနိုင်ရလဒ်အတွက် ပဲ ဦးတည်ကစားမှာဖြစ်ပြီး အီဘာကို အမှတ်ခွဲပေးဖို့ လုပ်မှာမဟုတ်ပါဘူး။ ဒီပွဲမှာ ဂီတာဖေးတို့ရဲ့ ရှိန်းအားကြောင့် အီဘာတို့ အမှတ်ရဖို့မလွယ်ပေမယ့် အနိမ့်ဆုံးတစ်မှတ်ရအောင်တော့ ကြိုးစားရှာဖွေပါလိမ့်မယ်။

### ဆိုစီဒက်နှင့် လက်စ်ပယ်မက်စ်

အခုတလောရလဒ်ကောင်းတွေ ဖော်ဆောင်နေတဲ့ လက်စ်ပယ်မက်စ်တို့က အခုပွဲအဝေးကွင်းဆိုပေမယ့် ဆိုစီဒက်ကို ဖိအားပေးကစားပါလိမ့်မယ်။ လက်စ်ပယ်မက်စ်တို့ဟာ ဆိုစီဒက်ကွင်းမှာ စုစုပေါင်း ၃၅ ကြိမ်သွားကစားခဲ့ရာမှာ နှစ်ပွဲသာနိုင်ခဲ့တာမို့ ဆိုစီဒက်ရဲ့ အိမ်ကွင်းလုပ်အားနှုန်းက သတိပြုစရာပါပဲ။ လာလီဂါမှာ ဒီနှစ်သင်းတွေ့ဆုံခဲ့မှု စုစုပေါင်းကိုကြည့်ရင် ဆိုစီဒက်တို့က ၂၆ ပွဲနိုင်ပြီး လက်စ်ပယ်မက်ခ်တို့က ၁၈ ပွဲနိုင်ကာ သရေပွဲ ၁၃ ပွဲဖြစ်ထားပါတယ်။ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ဆိုစီဒက်ကိုပဲ ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

### ဂရန်နာဒါနှင့် ဗယ်လီကာနို

ဗယ်လီကာနိုတို့က ဂရန်နာဒါကို အိမ်ကွင်း၊ အဝေးကွင်းမဆို အနိုင်ရအောင် ကြိုးစားနိုင်ပါတယ်။ တန်းဆင်းဇုန်ထဲက ရုန်းထဖို့ကြိုးစားမယ့် ဂရန်နာဒါကို ဗယ်လီကာနိုတို့ ထိန်းချုပ်ဟန့်တားဖို့ မလွယ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် ဗယ်လီကာနိုတို့ချည်းပဲ နိုင်ပွဲရထားခဲ့ပါတယ်။ လက်ရှိခြေစွမ်းပိုင်းအားရစရာမရှိတဲ့ ဂရန်နာဒါကို အခုပွဲမှာ ဗယ်လီကာနိုတို့ အနိုင်ကစားဖို့ အားထုတ်ပြီး ရမှတ်အပြည့် သိမ်းပိုက်ပါလိမ့်မယ်။

### ဒီပို့တီဗိုနှင့် လီဗန်တေး

ရှုံးပွဲတွေ ဆက်တိုက်ဖြစ်ပေါ်နေတဲ့ ဒီပို့တီဗိုတို့ဟာ အခုပွဲမှာ ရလဒ်ကောင်းကို ဆောင်ကြဉ်းနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ လီဗန်တေးတို့ကလည်း တန်းစီဇယားအောက်ဆုံးနေရာရောက်ရှိနေတာမို့ ဒီပွဲမှာ ခြေကုန်ထုတ်လာပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဒီပို့တီဗိုက တစ်ပွဲနိုင်ပြီး သရေနှစ်ပွဲဖြစ်ထားပါတယ်။ အခုပွဲမှာတော့ အိမ်ကွင်းဖြစ်တဲ့ ဒီပို့တီဗိုတို့ပဲ အောင်ပွဲခံဖို့များနေတာအမှန်ပါပဲ။

### ဘက်တစ်နှင့် မာလာဂါ

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာရှုံးပွဲမရှိအောင် ကြိုးစားနိုင်ခဲ့တဲ့ ဘက်တစ်ကို မာလာဂါတို့ အဝေးကွင်းလည်းဖြစ်တာမို့ မလွယ်ပါဘူး။ ခြေရည်တူနှစ်သင်း တစ်လှည့်စီ အနိုင်ယူနေတဲ့အတွက် ရလဒ်ပြတ်သားဖို့တော့ မလွယ်ပါဘူး။ ဒီပွဲမှာ နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ သရေရလဒ်ကို ဦးတည်သွားပါလိမ့်မယ်။ ။

## ပဲလေ့စ်နဲ့ ဝက်ဖို့ဒ် အက်ဖ်အေဆီမီးမှာ တွေ့ပြီ

အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များကို သက်ဆိုင်ရာက ထုတ်ပြန်လိုက်ပြီဖြစ်ရာ မန်ယူ သို့မဟုတ် ဝက်စ်ဟမ်းအသင်းအနေနဲ့ အဲဗာတန်နဲ့ကစားရမှာဖြစ်ပါတယ်။ အဲဗာတန်က ချယ်လ်ဆီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရပြီး ဆီမီးတက်လာခြင်းဖြစ်ပါတယ်။ မန်ယူနဲ့ဝက်စ်ဟမ်းကတော့ ပြန်ကန်ပွဲကစားပြီး အနိုင်ရတဲ့အသင်း ဆီမီးတက်ရမှာပါ။ ခရစ္စတယ်ပဲလေ့စ်ကတော့ ပရီမီယာလိဂ်ပြိုင်ဘက်အသင်း ဝက်ဖို့ဒ်နဲ့ ကစားရမှာဖြစ်ပါတယ်။ နောက်ဆုံးဆီမီးဖိုင်နယ်ပွဲကြီးကို ဝင်ဘလေကွင်းကြီးမှာ ကျင်းပဖွယ်ရှိပါတယ်။ ဒီဆီမီးဖိုင်နယ်ပွဲတွေကိုတော့ ဧပြီ ၂၃ ရက်နဲ့ ၂၄ ရက်တို့မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဝက်စ်ဟမ်းနဲ့ မန်ယူကတော့ တစ်ဖက်တစ်ဂိုးစီနဲ့ သရေကျခဲ့တဲ့အတွက် ပြန်ကန်ပွဲကစားနေမှာဖြစ်ပါတယ်။ အနိုင်ရတဲ့အသင်းက အဲဗာတန်နဲ့ ကစားရမှာပါ။ တိုက်စစ်မှူး လူကာကူအနေနဲ့ ချယ်လ်ဆီးကို အနိုင်ကစားရာမှာ တကယ့်ခြေစွမ်းပြကစားခဲ့သူဖြစ်ပါတယ်။ လက်ရှိချန်ပီယံအာဆင်နယ်ကတော့ ဝက်ဖို့ဒ်ကို မထင်မှတ်ဘဲရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရပါတယ်။



## မန်ယူပစ်မှတ်ထားလာတဲ့ ပြင်သစ်တိုက်စစ်မှူး

မန်ယူတာဝန်ရှိသူတွေအနေနဲ့ ပြင်သစ်ကစားသမားတစ်ဦးဖြစ်တဲ ဒမ်ဘီလီကို ရန်းနက်နဲ့ လိုင်ယွန်တို့ ကစားတဲ့ပွဲမှာ စောင့်ကြည့်ခဲ့ပါတယ်။ အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ ရန်းနက်ကစားသမား ဒမ်ဘီလီဟာ ဒီနှစ်ထဲမှာ ကိုးဂိုးသွင်းယူထားသူဖြစ်ပါတယ်။ သူ့ကို ဘာစီလိုနာကလည်း ပေါင် ၂၇ သန်းနဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ ဒမ်ဘီလီကို ပရီမီယာလိဂ်ကလပ်တွေဖြစ်တဲ့ အာဆင်နယ်၊ ဝက်စ်ဟမ်း၊ ဆောက်သမ်တန်၊ စတုတ်တို့ကလည်း ခေါ်ယူဖို့ ကြိုးစားနေတာပါ။ အသက် ၁၈ နှစ်ရွယ်သာရှိသေးတဲ့ ပြင်သစ်ကစားသမား ဒမ်ဘီလီယာ ပြင်သစ်လူငယ်ကစားသမားတွေထဲမှာ အကောင်းဆုံးခြေစွမ်းပြကစားလာတဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့ သူ့ကိုစောင့်ကြည့်နေတာကြာပါပြီ။ သူဟာ လူငယ်ကစားသမားတွေထဲမှာတော့ အကောင်းဆုံးပါပဲလို့ ပြင်သစ်နည်းပြ ဒက်ချန့်ကဆိုပါတယ်။ သူဟာ လူငယ်ဖြစ်သော်လည်း အနည်းဆုံးပေါင် ၂၇ သန်းနဲ့ အရောင်းအဝယ်ဖြစ်နိုင်တဲ့ ကစားသမားဖြစ်ပါတယ်။

## နယူးကာဆယ် တန်းဆင်းဇုန်မှလွတ်ရေး ဘင်နီတက်ဇ်ကယ်တင်မည်

နယူးကာဆယ်အသင်းအနေနဲ့ လက်စတာအသင်းကို ရှုံးနိမ့်သွားခဲ့သော်လည်း တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် ကယ်တင်သွားမည်ဖြစ်ကြောင်း နည်းပြသစ်ဖြစ်လာတဲ့ ဘင်နီတက်ဇ်က ဆိုပါတယ်။ ဘင်နီတက်ဇ်အနေနဲ့ နယူးကာဆယ်ကို တန်းဆင်းဇုန်အတွင်းမှ ကယ်တင်နိုင်ဖို့ ယုံကြည်ထားပါတယ်။ နယူးကာဆယ်အသင်းအနေနဲ့ လက်စတာကို တစ်ဂိုး-ဂိုးမရှိနဲ့ ကပ်ရှုံးသွားတာ ခုနစ်ပွဲမြောက်အဝေးကွင်းရှုံးနိမ့်မှုဖြစ်ပါတယ်။ သို့ပေမယ့် လီဗာပူးနည်းပြဟောင်း ဘင်နီတက်ဇ်အတွက် ကောင်းမွန်တဲ့ကစားသမားလုံလောက်မှုမရှိဘူးလို့ လီဗာပူးကစားသမားဟောင်း ကာရေဂါက ဆိုပါတယ်။ ဘင်နီတက်ဇ်က သူပထမဆုံးကိုင်တွယ်တဲ့ နယူးကာဆယ်အသင်းဟာ တိုးတက်မှုတွေရှိတယ်လို့ ဆိုပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်တဲ့အထိ အောင်မြင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။



ကောင်းမြတ်သူ–စုစည်းသည်။

# နိုင်ငံတော်သို့ ပေးဆောင်ရမည့်အခွန်ငွေများကို ဘဏ္ဍာနှစ်မကုန်မီ ပေးသွင်းကြပါရန် အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၁၅-၂၀၁၆ဝင်ငွေနှစ်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှရရှိသည့် ရောင်းရငွေ/ရငွေ/ဝင်ငွေတို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေများအရ ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကို ၃၁-၃-၂၀၁၆ရက်မတိုင်မီပေးသွင်းကြရန် လိုအပ်ပါသည်။ ဘဏ္ဍာနှစ်မကုန်ဆုံးမီ ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့အား သတ်မှတ်နေ့ရက်အတွင်း ပေးသွင်းရန်ပျက်ကွက်ပါက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ပါသည်။

၂။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ၃၁-၃-၂၀၁၆ရက်အတွက် ချက်လက်မှတ်များ စာရင်းရှင်းလင်းခြင်းကို ၃၁-၃-၂၀၁၆ ရက် နံနက် ၁၁း၃၀နာရီတွင် တစ်ကြိမ်တည်းသာ MCH Settlement ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အကြောင်းကြားလာပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် အခွန်ငွေပေးသွင်းခြင်းများကို ဘဏ္ဍာနှစ်မကုန်ဆုံးမီ အမှီပေးသွင်းကြပါရန်နှင့် အခွန်ပေးသွင်းရာတွင် ငွေသားဖြင့် ပေးသွင်းခြင်းကို ၃၁-၃-၂၀၁၆ရက်တွင်လည်းကောင်း၊ ချက်လက်မှတ်များ၊ PO များဖြင့် အခွန်ပေးသွင်းခြင်းကို ၃၀-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း နောက်ဆုံးထားပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဓာတ်မြေဩဇာများကို စက်ရုံမှထုတ်ယူရန် သက်တမ်းကျော်လွန်ခြင်းအတွက် ဂိုဒေါင်တွင်း ထားသိုခ သတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ယူရီးယားဓာတ်မြေဩဇာများကို ဖြန့်ဖြူးရောင်းချရာတွင် ငွေပေးသွင်းပြီး သတ်မှတ်ရက်အတွင်း ထုတ်ယူခြင်းမရှိပါက ထုတ်ယူရန်ကျန်ရှိသည့် ဓာတ်မြေဩဇာ တစ်အိတ်လျှင် တစ်အိတ်တန်ဖိုး၏ ၁ရာခိုင်နှုန်းအား ဂိုဒေါင်တွင် တစ်ရက်ထားသိုခ အဖြစ် သတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၀၈၃ သို့ နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်ဝင်းအတွင်းရှိ သက်သာဆိုင်အမှတ် (၁)၊ သထုံလမ်း (မျက်နှာစာ)ရှိ သက်သာဆိုင်အမှတ် (၂)နှင့် (၃)တို့အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများထံမှ ဆိုင်ခန်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀ိ/ဖြင့် ငွေစာရင်းဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် ဤတက္ကသိုလ်ရှိ ဌာနမှူး(သင်တန်းရေးရာဌာန)ထံတွင် တင်ဒါပုံစံရယူ၍ တင်သွင်းကြပါရန် တင်ဒါခေါ်ယူကြေညာအပ်ပါသည်။

၁။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၂-၃-၂၀၁၆ ရက် မွန်းလွဲ ၂နာရီ
၂။ **တင်ဒါဖွင့်မည့်ရက်** - ၂၄-၃-၂၀၁၆ ရက် မွန်းလွဲ ၂နာရီ
၃။ **တင်ဒါရရှိသူကြေညာမည့်ရက်** - ၂၅-၃-၂၀၁၆ ရက်

အသေးစိတ်အချက်အလက်များကို ရန်ကုန်အဝေးသင်တက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၅၂၅၁၄၆ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လျှပ်စစ်လုပ်ငန်းဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) Mitsubishi အမျိုးအစား လေအေးပေးစက်များပြုပြင်ထိန်းသိမ်းခြင်း
(ခ) 33/11KVနှင့် 11/0.4KV ဓာတ်အားခွဲရုံများ ပြုပြင်ထိန်းသိမ်းခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့်လျှောက်လွှာပုံစံများအား ၁၈-၃-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် ၄၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၃-၂၀၁၆ရက် ၁၅း၀၀နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁-၄-၂၀၁၆ရက် ၁၃း၀၀နာရီ ရုံးအမှတ် ၄၀၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**ရုံးအမှတ် ၄၀၊ နေပြည်တော်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်နေ့ | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|
| က | 3-31(T)/MESC/2015-2016 | အိမ်သုံး/လုပ်ငန်းသုံး/စီတီမီတာများအတွက် ဆက်စပ်ပစ္စည်းများ | ၁၁-၃-၂၀၁၆ | ၂၄-၃-၂၀၁၆ ၁၃း၀၀နာရီ |
| ခ | 3-32(T)/MESC/2015-2016 | မီတာဆီးလ်များ | ၁၁-၃-၂၀၁၆ | ၁၇-၃-၂၀၁၆ ၁၃း၀၀နာရီ |
| ဂ | 3-33(T)/MESC/2015-2016 | လက်ကိုင်ယူနစ်ဖတ်စက်များ (HHU) | ၁၁-၃-၂၀၁၆ | ၁၇-၃-၂၀၁၆ ၁၃း၀၀နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**၇၇လမ်း၊ ၂၆-၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

---

## ဖခင်အမည်မှန်

ရေဖြူမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ န၀မတန်းမှ မမီးလဲ့အေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးထွေးမြင့်ဖြစ်ပါကြောင်း။

**ဦးထွေးမြင့်**

---

## မိခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ အထက(ခွဲ)သကျက်တော၊ န၀မတန်းမှ မသဲလွဲ့လွဲ့မောင်၏မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်စန်းစန်းယု ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းယု ၆/လလန(နိုင်)၀၉၆၆၄၀**

---

## မွေးသက္ကရာဇ်အမှန်

မြေပုံမြို့၊ ရွာသစ်ကေရပ်ကွက်နေ ဦးသိန်းဇော်၏သား မောင်ဖြိုးဇော်လွင်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၁၄-၂-၁၉၉၇ ဖြစ်ပါကြောင်း။

---

## CLAIMS DAY NOTICE

## M.V POSITIVE STAR VOY:NO(114)

Consignees of cargo carried by M.V POSITIVE STAR VOY: NO(114)are here by notified that the vessel will arrive of about 18-3-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## CLAIMS DAY NOTICE

## M.V CALMY CORAL VOY:NO(098)

Consignees of cargo carried by M.V CALMY CORAL VOY: NO(098)are here by notified that the vessel will arrive of about 18-3-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ ကျန်တောကျေးရွာအုပ်စု၊ ကျန်တောရွာနေ ဒေါ်ဖြူဖြူဝင်း ၅/အတန(နိုင်)၀၈၈၀၇၇၏ ဖခင်ဦးမောင်နီနှင့်ဦးတင်ကြီး ၅/အတန(နိုင်)၀၃၇၈၂၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်နီ(ခ)ဦးတင်ကြီး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/7424 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/1440 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8400 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖိတ်ကြားအပ်ပါသည်
အမှတ်(၁)ဒေသကောလိပ်(ရန်ကုန်)၊
ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၊
ဗိုလ်တထောင်ကောလိပ်(၁၉၇၆မှ၁၉၉၆)ထိ
ကျောင်းသား/သူဟောင်းများ၏

## ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ

ပဉ္စမအကြိမ်ဆရာကန်တော့ပွဲကို ၂၀၁၆ခုနှစ် မတ် ၂၇ရက် (တနင်္ဂနွေနေ့) (တပ်မတော်နေ့) နံနက် ၉း၀၀နာရီတွင် ယခင်အမှတ် (၁)ဒေသကောလိပ် ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ (မေဂျာပေါင်းစုံ၊ လုပ်ငန်းအတတ်ပညာပေါင်းစုံ) ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အသက်(၆၀)ပြည့်ပြီး၊ အချိန်ပြည့်(၁)နှစ်ထမ်းဆောင်ခဲ့ပြီးသော ဆရာ/ဆရာမကြီး များအား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **ကျင်းပရေးကော်မတီ**

---

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မကွေးခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅ နှင့်ဆက်သွယ်သည်
၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၉

ဒေါ်ရွှေမြင့်မိုရ် **နှင့်** ၁။ ဦးအောင်မောင်း
၂။ ဒေါ်ခင်လေးနိုင်

ဒီကရီအနိုင်ရသူ တရားရှုံးများ

(၁)တရားရှုံး ဦးအောင်မောင်း၊ မေတ္တာလမ်း၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင် ဒေါ်ရွှေမြင့်မိုရ်မှ လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခု ရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် မတ်၂၂ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းဇော်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မကွေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရမည်းသင်းမြို့နယ်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၂

မသင်းသီရိမြတ် **နှင့်** ကိုမျိုးမင်းရွှေ
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ စီဗွီလိုင်းရပ်ကွက်တွင် နေထိုင်သူ ကိုမျိုးမင်းရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၂၆ ရက် (၁၃၇၇ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ရမည်းသင်းမြို့နယ်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၃၉၅၁၅ Honda Click 125 M/C ယဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းထွန်း ၉/မရတ(နိုင်)၁၂၁၃၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၆၅၉၂၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်မိုး ၁/မညန(နိုင်)၀၂၀၅၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိုးညှင်း)**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်အမှတ်(၅၆)၊ ၅၀×၅၁ကြား၊ ဂန္ဓမာ×ယုဇနကြားရှိ ဦးအောင်ကြည်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ရွှေအင်း ၉/မနမ(နိုင်)၀၅၀၅၅၅မှမြေဖိုး၊ လမ်းဖိုးပြေစာ ပျောက်ဆုံး၍ ထုတ်ပေးသည့် ဒဏ်ကြေးပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)

## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျိုက်မရောမြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင် သား/သမီးများ၏ အမည်စာရင်းကို ဦးခင်မောင်လေး(ဗိုလ်မှူးကြီး) ဖုန်း-၀၉-၇၉၇၆၈၄၃၂၄၊ ဦးခင်အောင် ဖုန်း-၀၉-၅၀၀၇၀၈၉၊ ဦးရဲမြင့် ဖုန်း-၀၉- ၇၃၂၃၄၀၇၇၊ ဦးကျော်ရွှေ ဖုန်း-၀၉-၅၀၈၃၈၃၀ တို့ထံ ၂၃-၃-၂၀၁၆ ရက် နောက်ဆုံးထားပေးပို့ ဆက်သွယ်ကြပါရန်။

**ကျင်းပမည့်ရက်** - ၂၆-၃-၂၀၁၆ ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းတည့် ၁၂ နာရီ-
**ကျင်းပမည့်နေရာ** - စိတ်တိုင်းကျစားရိပ်မြုံခန်းမဆောင်
ဆရာဝန်များအသင်းတိုက်အနီး၊ ကန်တော်ကြီး

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်1H-7884၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/1364၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရမည်းသင်းခရိုင် တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁

ဦးခင်မောင်(ခ)အွန်မာည် **နှင့်** ဦးစိုးမြင့် ပါ((၂၇)ဦး
ဘ-ဦးမောင်ငယ်၊ယာဉ်ပိုင်ရှင်
မြို့သစ်ရပ်ကွက်၊ ပျော်ဘွယ်မြို့။
**တရားလို** **တရားပြိုင်များ**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ပုန်းထုံရပ်ကွက်၊ ၉၂၁ လမ်းနေ အမှတ်(၁၁) တရားပြိုင် ဦးဟာမစ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်နေ အမှတ်(၁၂)တရားပြိုင် မမြင့်မြင့်ခိုင်(ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သော ဦးခင်မောင်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၂၈ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မတ် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ရမည်းသင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မဟာအောင်မြေမြို့နယ်တရားမရုံးခွဲ
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၂

ဒေါ်ဝေဝေမျိုး **နှင့်** ၁။ ဦးမောင်မောင်သက်
၂။ ဒေါ်ဝင်းဝင်းမော်
**တရားလို** **တရားပြိုင်များ**

အမှတ်(မရှိ)၊ သံလျှက်မော် အရှေ့ရပ်ကွက်၊ အကွက်(၄၃၃)၊ မဟာအောင်မြေမြို့နယ်၊ ဒေါ်ဝင်းဝင်းမော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဝေဝေမျိုးက အရောင်းကတိပဋိညာဉ်စာချုပ်အရ လျော်ကြေးငွေ ကျပ်သိန်း (၇၈)ရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၂၅ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော်၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**မြို့နယ်တရားသူကြီး**
**မဟာအောင်မြေမြို့နယ်တရားရုံး**

---

ဘိုးဘိုးဦးလှဘူးနှင့်ဘွားဘွားဒေါ်ကြီးတို့၏မျိုးဆက်များ

## တွေ့ဆုံပွဲဖိတ်ကြားလွှာ

ဘိုးဘိုးနှင့်ဘွားဘွားတို့၏ သားသမီးများဖြစ်ကြသော ဒေါ်စောဟန်၊ ဒေါ်စောတင်၊ ဒေါ်စောအုံ၊ ဦးစောမောင်၊ ဦးစောလှရွှေ၊ ဦးစောလှမြတ်၊ ဦးစောဦးမြတ်၊ ဒေါ်စောယုမေ၊ ဦးသက်ငွေ၊ဦးရှိန်တိုးတို့၏ မျိုးဆက်များ တွေ့ဆုံဂါရဝပြုပွဲကို ၁-၅-၂၀၁၆ရက် နံနက် ၈း၀၀နာရီမှ ၁၂း၀၀ နာရီအထိ အေးချမ်းအောင်မြင်ငွေကျောင်း၊ နေမျိုးသူရလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့တွင်ကျင်းပရန်ရှိပါသဖြင့် တက်ရောက်နိုင်ရန်နှင့် အလှူငွေများကို အောက်ပါ ပုဂ္ဂိုလ်များထံဆက်သွယ်လှူဒါန်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဦးတင်မောင်ဖြူ ဖုန်း-၀၉-၃၂၄၅၉၉၄၂၊**
**ဒေါ်ထူးထူးငွေ ဖုန်း-၀၉-၅၁၂၁၅၂၂၊**
**ဦးသက်ဆွေအောင် ဖုန်း-၀၉-၄၂၀၀၉၉၇၅**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/7360, Nissan ADVA412, S/W (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်မော် ၁၂/သကတ(နိုင်)၀၁၁၅၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၇၀၆၅၈၊ Kenbo, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောမူးဒေက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

---

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့

## ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
၂၀၁၅ခုနှစ် တရားမပထမအယူခံမှုအမှတ်-၄၀၉

ဦးဝင်းသန်းဦး **နှင့်** ၁။ ဒေါ်စည်စည်ချို
၂။ ဒေါ်ခင်နန်းဝေ
၃။ ဦးအောင်ခိုင်စိုး
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၅ခုနှစ် အောက်တိုဘာ ၁၂ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၁၈၄၏ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် (၂) (၃)တို့သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် ဒီကရီကို ဦးဝင်းသန်းဦးက အယူတော်ခံရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၁၆ခုနှစ် မတ် ၂၈ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်တို့ကကန့်ကွက်ကြောင်းဤအယူခံမှုရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ခိုင်ခိုင်လေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မအူပင်ခရိုင်တရားရုံးတော်၌
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂

၁။ ဦးမြကြည် **နှင့်** ၁။ ဒေါ်သီတာ
၂။ ဦးဇော်ထွန်းအောင် ၂။ ဒေါ်သန်းသန်းဦး
၃။ ဦးကြည်စိုး ၃။ ဒေါ်မိပုံ
(၎င်းတို့၏ကိုယ်စားလှယ်စာရသူ ဦးဝင်းကျော်) ၄။ ဦးဇော်နိုင်ထွန်း
**တရားလို** **တရားပြိုင်များ**

ဒေါ်သီတာ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ ဗိုလ်ချုပ်လမ်း၊ ပွဲရုံတန်း၊ ဈေးကျောင်းဓမ္မာရုံရှေ့ရှိ အေးမေတ္တာဆန်နှင့် ပဲမျိုးစုံရောင်းဝယ်ရေးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဲဖိုးငွေကျပ် ၂၀၉၃၀၄၀၀(ငွေကျပ် နှစ်ရာ့ကိုးသိန်းသုံးသောင်းလေးရာတိတိ)နှင့် နစ်နာမှုအတွက် ငွေကျပ် ၅၀၀၀၀၀၀ (ငွေကျပ်သိန်းငါးဆယ်တိတိ) စုစုပေါင်းငွေကျပ် ၂၅၉၃၀၄၀၀(ငွေကျပ် နှစ်ရာငါးဆယ်ကိုးသိန်းသုံးသောင်းလေးရာတိတိ) ရလိုကြောင်း လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကြွေ)**
**ခရိုင်တရားသူကြီး၊ မအူပင်ခရိုင်တရားရုံး**

# Congratulations

Our warmest welcome and heartiest congratulations on the Award of a Foreign Bank license to

- BIDV
- E.SUN Commercial Bank
- Shinhan Bank
- State Bank of India

Chairman
and Board of Directors
Myanmar Oriental Bank Limited


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၉၆၉၁ Kenbo 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချောဝင်း ၅/ခဥန(နိုင်)၁၁၀၀၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၊ အကွက်အမှတ်(၆၅/၂ မိုင်းလုံ) ဦးပိုင်အမှတ် ၁၀၉၊ ဧရိယာ ၀ဒသမ ၂၅၃ဧကရှိ မြေသည် ဒေါ်ဝင်းဝင်းလတ် ၂/ဖဆန(နိုင်)၀၀၉၉၆၉ ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဒေါ်ဝင်းဝင်းလတ်သည် အဆိုပါမြေကွက်ကို ကျွန်မ ဒေါ်ခင်မာကြည် ၂/လကန(နိုင်)၀၂၅၃၆၆ သို့ လွှဲပြောင်းရောင်းချပြီး စာချုပ်စာတမ်းမှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ ကျွန်မ ဒေါ်ခင်မာကြည်အမည်ဖြင့် မြေငှားဂရန်ရရှိရေး သက်ဆိုင်ရာသို့ လျှောက်ထားတင်ပြမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မှတ်ပုံတင်အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**ဒေါ်ခင်မာကြည်**
**၂/လကန(နိုင်)၀၂၅၃၆၆**
**မိုင်းလုံးရပ်ကွက်၊ လှိုင်ကော်မြို့**

## ကန့်ကွက်နိုင်ပါသည်

တောင်ကြီးမြို့၊ အိမ်အမှတ်(မ/၄A)၊ ဘုရင့်နောင်လမ်း၊ မြို့မရပ်ကွက်တွင် နေထိုင်သူ ဒေါ်ခင်ဝင်းကြည်မှ ဒေါ်ဝေဝေလင်းမောင်ထံ ဝယ်ယူထားသော ၂၃-၁၂-၂၀၁၅ရက်တွင် ချုပ်ဆိုထားသည့် စာချုပ်အရ ဒေါ်ဝေဝေလင်းမောင် ပိုင်ဆိုင်သော တောင်ကြီးမြို့၊ နောင်ကားရပ်ကွက်၊ ခြံပွားလမ်းပေါ်ရှိ ခြံမြေကွက်အား ယနေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ဒေါ်ခင်ဝင်းကြည်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဝင်းကြည်**
**၇/ပမန(နိုင်)၀၆၉၂၁၁**
**အိမ်အမှတ်(မ/၄A)၊ ဘုရင့်နောင်လမ်း၊**
**မြို့မရပ်ကွက်၊ တောင်ကြီးမြို့**

## သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးတားမြစ်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်ဖြူပြာလှိုင်(ဘ)ဦးတင်လှိုင် ၇/ပခန(နိုင်)၂၂၁၈၈၂ ၏ လွှဲအပ်ပြောဆိုညွှန်ကြားချက်အရ အသိပေးတားမြစ်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်ဖြူပြာလှိုင်၏ကိုယ်ရေးကိုယ်တာ လူမှုရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဒေါ်ဖြူပြာလှိုင်၏ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူဆောင်ရွက်ချက်များ၊ ပြောဆိုချက်များ၊ လုပ်ဆောင်ချက်များ ဆက်လက်ပြုမူဆောင်ရွက်ခြင်းများမပြုလုပ်ရန် အသိပေးတားမြစ်အပ်ပါသည်။

အထက်ပါသတိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက ကျွန်ုပ်၏အမှုသည်မှ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် တားမြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖြူပြာလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သန်း**
**B.A (Law), LL.B, D.M.L, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၉၉)**
**အမှတ် (၈၁)၊ မြေညီထပ်(ဝဲ)၊ ၁၆လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၇၉၃၂၃၊ ၀၉-၄၅၀၀၆၃၆၀၅၊ ၀၉-၇၉၉၀၈၅၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဦးပိုင်အမှတ်(၅၆/၂)၊ ဒေးဝန်းအနောက်ရပ်ကွက်၊ မြေကွက်အမှတ်(၃၁၉-၃၂၀)၊ အမည်ပေါက် ဦးဝင်းမောင်၏ အိမ်အပါအဝင် မြေကွက်အား လက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အားစေး ၉/မနတ(နိုင်)၀၇၈၄၅၃ မှ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်တော် ဦးပြည့်ဖြိုးဟန် ၁၂/သဃက(နိုင်)၁၅၁၃၀၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးဟန်**
**ဖုန်း-၀၉-၂၅၇၄၂၅၆၄၉၊ ၀၉-၅၂၄၂၁၀၉**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မေမြို့လမ်းရှိ ခြံစည်းရိုးကာရံထားပြီးသောမြေကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၆၉၆/၂၊ မြေငှားစာချုပ်အမှတ် ဒဂရ/ဂရသ-၃၈၆၊ ၂၀၁၃အမှုတွဲအမှတ်/နေ့စွဲ ဒဂရ/ဂရသ-ဝင်စာ ၁၀၈၀/၃-၇-၂၀၁၃အမှတ်အသားအရ ဂရန်အမည်ပေါက်အဖြစ် ထွက်နေပြီးသော မြေကွက်(၄၀×၆၀)ပေ ၀ဒသမ ၀၅၅ဧက မြေကွက်တစ်ကွက်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

အထက်ဖော်ပြပါမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ သက်ဆိုင်ပတ်သက်သည့် အခွင့်အရေးရှိသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများ၊ ခိုင်လုံသောအကြောင်းပြချက်တို့ဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်ထွန်း (စဉ်-၆၁၇၃) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၅၀၇၅၁၇၁**
**အမှတ်(၃၁/၅၇)၊ ဩဘာလမ်း၊ ကျောက်/ထက် ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၁)ရပ်ကွက်၊ သီရိမင်္ဂလာရပ်၊ တိုးချဲ့ကွက်သစ် မြေကွက်အမှတ် ၁၂၀၊ အလျားပေ ၆၀၊ အနံပေ ၅၀ ရှိ အရှေ့ဘက် မြေကွက်အမှတ် ၁၁၉၊ အနောက်ဘက်မြေကွက်အမှတ် ၁၂၁၊ တောင်ဘက်လမ်း၊ မြောက်ဘက်မြေကွက်အမှတ် ၁၀၀၊ နယ်လေးရပ်အတွင်း အိမ်ဝိုင်းမြေနှင့် ထိုမြေပေါ်ရှိ ပင်ကြမ်းနိမ့်သွပ်မိုးသွပ်ဖိချ ဝါးထရံကာနေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးအား လက်ရှိပိုင်ဆိုင်သူ ဦးမြင့်မောင်(ခ)ဦးမောင်ညို ၉/ညဥန(နိုင်)၁၄၇၀၁၃ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုသက် ၉/ညဥန(နိုင်)၀၀၇၈၀၁ က စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်ရင် (L.L.B)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၂၅၀)**
**အောင်သပြေရပ်၊ အမှတ်(၃)ရပ်ကွက်၊ ညောင်ဦးမြို့**

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်

စာမျက်နှာ-၅

# မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသတင်းထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၇

**မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်။**
**အဆိုပါထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ**
**သတင်းထုတ်ပြန်ကြေညာချက်**
**(၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်)**
**(၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်)**

၁။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း အသီးသီးပါမြေကိစ္စများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်လျက် ရှိပါသည်။

၂။ ယင်းကော်မတီအဆင့်ဆင့်အနက် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီတွင် ရပ်မိ/ရပ်ဖဖြစ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်ဖြစ်သည့် တရားဝင်ဖွဲ့စည်းထားသော လယ်ယာကုန်ထုတ် သမဝါယမအသင်းများမှ ကိုယ်စားလှယ်တို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားပါသည်။ အလားတူ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီတွင်လည်း ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့ကိုလည်း အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားပါသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻

## ယနေ့ → မာတိကာ

**ရွေးကောက်ပွဲ၌ မည်သူပင် အနိုင်ရသည် ဖြစ်စေ တရုတ်-အမေရိကန်ဆက်ဆံရေး ဆက်လက်ကောင်းမွန် နေမည်ဟု လီချန်းပြော**
*စာမျက်နှာ - ၄*

**မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ယာဉ် အပို ပစ္စည်းရောင်းဝယ်ရေး စခန်းအတွင်း မီးလောင်**
*စာမျက်နှာ - ၁၂*



ရန်ကုန်ကလေးအထူးကုဆေးရုံကြီး(ဟယ်လ်ပင်)တွင် တက်ရောက်နေသောကလေးငယ်တစ်ဦးအား စမ်းသပ်ကုသပေးနေစဉ်။
ဓာတ်ပုံ-မင်းထက်

## အသက်အန္တရာယ်ဖြစ်နိုင်သော ဦးနှောက်အမြှေးပါးရောင်ရောဂါ ပြည်သူများအထူးသတိပြုရန် လိုအပ်လာ

သတင်းဆောင်းပါး
မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၆

မျှားမကြာမီရက်ပိုင်းအတွင်း အထက်မြန်မာပြည်ဒေသအချို့၌ ကလေးငယ်များတွင် ဦးနှောက်အမြှေးပါးရောင်ရောဂါ ဖြစ်ပွားမှုကြောင့် ကလေးငယ်အချို့ အသက်ဆုံးရှုံးခဲ့ရသလို၊ တချို့မှာ အသက်အန္တရာယ်ဘေးမှလွတ်မြောက်ခဲ့ရသော်လည်း ဦးနှောက်အာရုံကြောပိုင်းဆိုင်ရာ နာတာရှည်ဝေဒနာရှင်အဖြစ် ရောက်ရှိခဲ့ရသည့်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးအသိနှင့် အထူးသတိပြုကာ ကလေးများအား စောင့်ရှောက်မှုပေးသင့်ကြောင်း ကလေးအထူးကုဆရာဝန်များက သုံးသပ်ပြောကြားသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ❖

## အိမ်ကွင်း၌ ရှုံးခဲ့သည့် ရောဝတီ နောက်တစ်ဆင့်တက်ရန် ခက်ခဲ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် မတ် ၁၆

AFC Cup ဘောလုံးပြိုင်ပွဲ အုပ်စု (H) တတိယပွဲစဉ်ဖြစ်သည့် ဧရာဝတီအသင်းနှင့် ဘင်ဂါလူရူး(အိန္ဒိယ) အသင်းတို့ပွဲကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဧရာဝတီအသင်းမှာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အိမ်ကွင်း၌ မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည့် ဧရာဝတီအသင်းမှာ သုံးပွဲကစား သုံးမှတ်သာရရှိသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေး နည်းပါးသွားပြီဖြစ်သည်။ ယခုပွဲမှာ နှစ်သင်းစလုံးအတွက် နောက်တစ်ဆင့် *စာမျက်နှာ ၉ ကော်လံ ၁* ❍



• စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
• လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..
UEC
ကကက-၁၃/၂၂/၂၃
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
GRADE 1 - GRADE 11
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP
၂၀၁၆ - ၁၇ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP - (၄)တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း - English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
▪ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
▪ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။
ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 31 558973, 09 79 3893725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● ခြံအမှတ်(၁၅ A နှင့် B) စံရိပ်ငြိမ်(၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● ခြံအမှတ်(၄) စံရိပ်ငြိမ်(၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း